# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်း ကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၅၉)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသောအထူးလေယာဉ်သည် ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံလေပိုင်နက်အတွင်းသို့ စတင်ဖြတ်သန်းဝင်ရောက်လာရာ မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမျိုးဆက်လွန် Su-30 SME ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ်သုံးစင်းက လိုက်ပါခြံရံပျံသန်းကြိုဆိုခဲ့ပြီး နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိဆင်းသက်သည်။

လေဆိပ်သို့ရောက်ရှိစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတဦးဆောင်သည့်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖




ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**

အပြာရောင်မျက်လုံးပိုင်ရှင် ဥရောပရဲ့လျှို့ဝှက်ရတနာ - ဘယ်လာရုစ် | ဆောင်းပါး | စာ ၆

မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနားပြုလုပ် | ပြည်တွင်းသတင်း | စာ ၁၄



## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



❖ *ရှေ့ဖုံးမှ*

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

**သောင်းသောင်းဖြဖြကြိုဆို**

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ကော်ဇောနီလျှောက်လမ်းတစ်လျှောက် အလေးပြုကြိုဆိုကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှတို့ဖြင့် ကြိုဆိုကပြဖျော်ဖြေကြကာ ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်းကာ "ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး ကျန်းမာပါစေ၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ" ဟုကြွေးကြော်၍လည်းကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် နှစ်နိုင်ငံအထိမ်းအမှတ်အလံများစိုက်ထူခြင်း၊ ရောင်စုံမီးအလှဆင်ထားရှိခြင်း၊ "ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒားလူကာရှန်ကိုအား မြန်မာနိုင်ငံမှ လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟု ရေးသားဖော်ပြကြိုဆိုထားသည့် LED ပိုစတာကြီးများ စိုက်ထူခြင်းဖြင့်လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုကြသည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံမှုမှာ ၂၆ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး နှစ်ကြိမ်သွားရောက်ခဲ့ပြီး ယခုအခါ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အနေဖြင့် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းဖြစ်ကာ ယခုခရီးစဉ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုကာလအတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတစ်ဦး၏ ပထမဆုံးသမိုင်းဝင်ခရီးစဉ်ဖြစ်သည်။ ချစ်ကြည်ရေး ခရီးစဉ်ရောက်ရှိစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးခြင်း၊ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆက်လက်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်**

ယခုကဲ့သို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ မြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာများ အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုနည်းပညာများ အပြန်အလှန်ဖလှယ်နိုင်ခြင်းနှင့် နှစ်နိုင်ငံအကြား နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရှုဇန်ကော့ဗ်တို့ တွေ့ဆုံဆွေးနွေး

### နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာသည်နှင့်အမျှ ရလဒ်ကောင်းများ ထွက်ပေါ်နေသည့်အခြေအနေများကို အမြင်ချင်းဖလှယ်



**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရှုဇန်ကော့ဗ်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ တွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေး အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေးနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာသည်နှင့်အမျှ ရလဒ်ကောင်းများ ထွက်ပေါ်နေသည့် အခြေအနေများကို အမြင်ချင်းဖလှယ်၍ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားနိုင်ရေးအတွက် ပိုမိုနီးကပ်စွာလက်တွဲဖော်ဆောင်သွားရေးတို့ကို ဆွေးနွေးကြသည်။

သတင်းစဉ်

## ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belarusian State University (BSU)၊ Belarusian State University of Informatics and Radioelectronics (BSUIR) တို့ အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့နှင့်ဘယ်လာရုစ်သမ္မတနိုင်ငံ Belarusian State University (BSU)၊ Belarusian State University of Informatics and Radioelectronics (BSUIR) တို့အကြား ပညာရေးဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံတက္ကသိုလ်များအကြား တွေ့ဆုံဆွေးနွေးမှုကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲသို့ Belarusian State University (BSU) မှ ပါမောက္ခချုပ် Andrei Karol ၊ Belarusian State University of Informatics and Radioelectronics (BSUIR) မှ ပါမောက္ခချုပ် Vadim Bogush တို့နှင့်အတူ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာတင်မောင်ထွန်းက ကြိုဆိုမိတ်ဆက်စကားပြောကြားပြီး BSU ပါမောက္ခချုပ် Prof. Andrei Karol ၊ BSUIR ပါမောက္ခချုပ် Vadim Bogush၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်တင့်တို့က မိတ်ဆက်စကားများ ပြောကြားကာ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများက တက္ကသိုလ်များနှင့် ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်နှင့် Belarusian State University of Informatics and Radioelectronics (BSUIR) တို့အကြား ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု Letter of Agreement (LoA) ကို လက်မှတ်ရေးထိုးကြသည်။ ထို့နောက် နှစ်နိုင်ငံတက္ကသိုလ်များအချင်းချင်း အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ ကုန်သည်စက်မှုအသင်းများ ဖြစ်ကြသော UMFCCI နှင့် BelCCI တို့ ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ LOTTEE ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့နှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV ဦးဆောင်သည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း “Bellegprom” ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီးတို့ တက်ရောက်အားပေးခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်း လူဦးရေ ၁၃၀ ခန့် တက်ရောက်ကြသည်။

### အဓိကထားဆွေးနွေး

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံအကြီးအကဲများ၏ မဟာဗျူဟာမြောက်လမ်းညွှန်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ-ဘယ်လာရုစ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆ - ၂၀၂၈) ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် EAEU ဈေးကွက်သို့ ချိတ်ဆက်နိုင်မည့်အခြေအနေများကို အဓိကထား ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း “Bellegprom” ဥက္ကဋ္ဌ H.E. Ms. Nade-zhda LAZAREVICH တို့က အမှာစကားများ ပြောကြားကြသည်။

### သဘောတူလက်မှတ်ရေးထိုး

ထို့နောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး **(အောက်ပုံ)** စုစုပေါင်းစာချုပ် ၁၆ စောင်အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက ကဏ္ဍအလိုက် Powerpoint Presentation ဖြင့် ဆွေးနွေးခြင်း အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြပြီး စီးပွားရေး ချိတ်ဆက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြသည်။ ယနေ့ ဆွေးနွေးပွဲတွင် ဘဏ်နှင့်ငွေကြေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးအခြေခံစက်မှုကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို အဓိကဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးညှိနှိုင်း

အခမ်းအနားသို့ တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းတို့သည် နံနက်ပိုင်း ဖိုရမ်မစတင်မီအချိန်တွင် ဘယ်လာရုစ်နိုင်ငံဘက်မှ သက်ဆိုင်ရာ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်လည်း သီးခြားစီ တွေ့ဆုံ၍ မိမိတို့ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့် အသေးစိတ်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မြန်မာ-ဘယ်လာရုစ် ပူးတွဲကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဘက်မှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တတိယအကြိမ် ပူးတွဲကော်မတီညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စများအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)နှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆိုင်ရာကိစ္စရပ်များအပေါ် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ **(အောက်ပုံ)**

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီး H.E.Mr. Yury GORLOV နှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးထုတ်ကုန်များနှင့် စားသောက်ကုန်များ အပြန်အလှန်ကုန်သွယ်မှု တိုးတက်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံက ထွက်ရှိသည့် ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီးဝလံနှင့် ကော်ဖီတို့ကို တင်ပို့နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံမှ ဒိန်ခဲနှင့် ထောပတ်တင်သွင်းနိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ တင်ပို့ /တင်သွင်း ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

### နည်းပညာဆိုင်ရာ ကူညီပံ့ပိုး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီး H.E.Mr. Andrei KUZNETSOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အလို့ငှာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ (Memorandum of Intent-MoI) ကို လက်မှတ် ရေးထိုးပြီးဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဆိုပါ MoI နှင့် Roadmap တို့အပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ အလားအလာရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် ကင်ဆာရောဂါကုသဆေးဝါးများထုတ်လုပ်နိုင်ရေးနှင့် ကင်ဆာရောဂါ ကုသဆေးဝါး ထုတ်လုပ်မှု နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှု ကိစ္စရပ်များကို လည်းကောင်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ MSME ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ MSME ထွက်ကုန်များ ဈေးကွက်ရရှိရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






## ရွှေခရီးဖွင့် ရွှေညည့်သည်

● မြန်မာနှင့် ဘယ်လာရုစ်
တွယ်တာမှု သံယောဇဉ်။
နှစ်နိုင်ငံ ရွှေလမ်းဖောက်
လျှောက်လှမ်းတူယှဉ်။
တစ်မြေခြားသော်လည်း
ဆွေသားသို့ ခင်မင်
ဖြူစင်တဲ့ စိတ်ရင်း။
အနှစ်တည် ချစ်ကြည်ရေး
မွေးပုံ့ကြိုင်သင်း။
● ဘယ်လာရုစ် နိုင်ငံက
သမ္မတကြီး ရောက်ရှိလာ။

ပျော်ရွှင်စွာ ကြိုဆိုကြ
အားရဝမ်းသာ။
သမ္မတကြီးက လမင်းပမာ
မင်္ဂလာ ကျက်သရေရှိ။
လေညင်းဖြာ ပန်းလိုမွှေးတယ်
အေးမြပါ၏။
● ဘယ်လာရုစ် သမ္မတကြီး
ရွှေခရီးဖွင့် ရွှေညည့်သယ်(သည်)။
နှစ်နိုင်ငံ ကောင်းကျိုးများကို
တိုးပွားဖို့ ရှယ်။
အိမ်သာလို့ ညည့်လာတယ်

ဂုဏ်ယူဖွယ် အလွန်ကောင်း။
ညည့်ဝတ်ကျေ မြန်မာများက
လေးစားပါကြောင်း။
● ရွှေညည့်သည် သမ္မတကြီးက
ရင်းနှီးလို့ မြူပြန့်။
ကဏ္ဍစုံ ရေရှည်အကျိုးကို
သယ်ပိုးဆောင်ရန်။
စိတ်အားက ထက်သန်
နှစ်နိုင်ငံ ပူးပေါင်း။
ကြံတိုင်းအောင် ဆောင်လို့နွဲမယ်
အောင်ပွဲဆင့်လောင်း။ ။

မောင်ကျော်(ပညာရေး)

## (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet - 33rd AARM) ပိတ်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၂၇**

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet–33rd AARM) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူ တပ်မတော်၏ Singapore Armed Forces Training Institute (SAFTI) သို့ရောက်ရှိခဲ့ပြီး မြို့တွင်းစစ်ဆင်ရေး လေ့ကျင့်ရေးကွင်း နေရာနှင့် မြို့တွင်းစစ်ဆင်ရေး ဆောင်ရွက်ရာတွင် အသုံးပြုသည့် သဏ္ဌာန်တူလေ့ကျင့်ရေး အထောက်အကူပြု လက်နက်စနစ်များ၊ လက်ဖြောင့်သေနတ် သရုပ်ပြပစ်ခတ်မှု၊ စောင့်ကြည့်ထောက်လှမ်းရေးသုံး ဒရုန်းသရုပ်ပြ ပျံသန်းမှု၊ မြေပြင်သွားမောင်းသူမဲ့ယာဉ်စနစ်များကို လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် Singapore Armed Forces Training Institute ၏ စစ်ရေးပြကွင်းသို့ရောက်ရှိခဲ့ပြီး အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ Novelty Shoot ပစ်ခတ်စဉ်၌ ပါဝင်ပစ်ခတ်ခဲ့သည်။ ဆက်လက်၍ စင်ကာပူတပ်မတော်က အသုံးပြုလျက်ရှိသည့် တိုက်ခိုက်ရေးယာဉ်များနှင့် မောင်းသူမဲ့ယာဉ်စနစ်များအသုံးပြု၍ အဆောက်အအုံအတွင်းရှိရန်သူအား ရှင်းလင်းခြင်းသရုပ်ပြသည့် မြို့တွင်းစစ်ဆင်ရေး သဏ္ဌာန်တူလေ့ကျင့်ခန်းသရုပ်ပြသမှုအား လေ့လာကြည့်ရှုခဲ့သည်။ (ဓာတ်ပုံ)

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet–33rd AARM) ပိတ်ပွဲ အခမ်းအနားသို့ အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ ဆက်လက်၍ မြန်မာ့တပ်မတော် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် သေနတ်ပစ်အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း) များသေနတ်ပစ်ပြိုင်ပွဲ (33rd AARM) ၏ နှုတ်ဆက်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

### သတင်းထုတ်ပြန်ချက်အမှတ် (၁၅ / ၂၀၂၅)

၁။ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၆-၁၁-၂၀၂၅ ရက်စွဲပါ၊ အမိန့်အမှတ် (၁၀/၂၀၂၅) ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၇၂၄ ဦးတို့ကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအား လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး၊ အမိန့်အမှတ် (၁၁/၂၀၂၅) ဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၂၃၆၁ ဦးကို ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပါသည်။ ထို့ပြင် အမိန့်အမှတ် (၁၂/ ၂၀၂၅) ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွတ်ရန် အမိန့်များထုတ်ပြန်ခဲ့ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၂၁ တွင် "လူတိုင်းပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလအပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်" ဟု ဖော်ပြပါရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၈ (က) တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ အမှုမှလွတ်ရန် အမိန့်များထုတ်ပြန်ခဲ့ခြင်းတို့ကြောင့် လွတ်မြောက်လာသူများသည် ယင်းတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်လာကြကာ မိမိတို့၏ ဆန္ဒသဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့်ရရှိကြမည်ဖြစ်ပါသည်။ ထို့ပြင် ပုဒ်မ ၅၀၅-က ပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူများသည် မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိပြီး စိတ်အေးချမ်းစွာ ဆန္ဒမဲပေးပိုင်ခွင့်ရရှိကြမည် ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအတွက် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ အကြံပြုတိုက်တွန်းချက်များပေးပို့ခြင်းတို့ ဆောင်ရွက်လျက်ရှိရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့အတွက် ထည့်သွင်းစဉ်းစားရာ၌ ပြစ်မှုအားလုံး တန်းတူပါဝင်စေရေး အကြံပြုချက်လည်း ပါဝင်ခဲ့ပါသည်။ ယခုကဲ့သို့ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ရရှိလာစေသည့်အတွက် နိုင်ငံတော်မှ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နှင့် စပ်လျဉ်းသည့်အမှုများအပေါ် လွတ်ငြိမ်းသက်သာခွင့် အမိန့်များ ထုတ်ပြန်ခဲ့မှုကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

# အပြာရောင်မျက်လုံးပိုင်ရှင် ဥရောပရဲ့ လျှို့ဝှက်ရတနာ - ဘယ်လာရုစ်

ထက်မြက်

**ဥရောပဒေသရဲ့ခရီးသွားမြေပုံပေါ်မှာ လူသိနည်းနေသေးပေမယ့် တကယ်တမ်းခြေချကြည့်လိုက်တဲ့အခါ မမျှော်လင့်ထားတဲ့ အလှတရားတွေနဲ့ ဆီးကြိုနေမယ့် နိုင်ငံတစ်နိုင်ငံရှိပါတယ်။ အဲဒါကတော့ "ဥရောပရဲ့ အဆုတ်" လို့ တင်စားခံရပြီး သန့်ရှင်းစိမ်းလန်းတဲ့ သဘာဝတရား၊ ခမ်းနားထည်ဝါတဲ့ ရဲတိုက်ကြီးတွေနဲ့ ဖော်ရွေပျူငှာတဲ့ ဒေသခံတွေရှိရာ "ဘယ်လာရုစ်နိုင်ငံ" ပဲ ဖြစ်ပါတယ်။**

ဥရောပအရှေ့ပိုင်းမှာ တည်ရှိပြီး ကုန်းတွင်းပိတ်နိုင်ငံ ဖြစ်သော်လည်း ဘယ်လာရုစ်ဟာ ရေကန်ပေါင်း ၁၁၀၀၀ ကျော်နဲ့ မြစ်ချောင်းပေါင်း ၂၀၀၀၀ ကျော် စီးဆင်းနေတာကြောင့် "အပြာရောင်မျက်လုံးပိုင်ရှင်နိုင်ငံ" (The Blue-Eyed Country) လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ ဆူညံပွက်လောရိုက်နေတဲ့ ဒီကမ္ဘာကြီးထဲမှာ အေးချမ်းဆိတ်ငြိမ်မှုကို ရှာဖွေနေကြသူတွေအတွက် ဘယ်လာရုစ်နိုင်ငံက အကောင်းဆုံး ခိုနားရာတစ်ခုပါပဲ။



ဘယ်လာရုစ်နိုင်ငံကို ရောက်တာနဲ့ ပထမဆုံး သတိထားမိမယ့်အရာက သန့်ရှင်းသပ်ရပ်မှုနဲ့အတူ ခေတ်ဟောင်းအငွေ့အသက်တွေ ဖုံးလွှမ်းရာနေရာတစ်ခုဖြစ်တဲ့ မင့်(စ်)မြို့ပါပဲ။ ဘယ်လာရုစ်နိုင်ငံရဲ့မြို့တော်ဖြစ်တာနဲ့အညီ သန့်ရှင်းသပ်ရပ်မှုရှိပြီး လမ်းမကျယ်ကြီးတွေ၊ စနစ်ကျတဲ့ ပန်းခြံကြီးတွေနဲ့ ဆိုဗီယက်ခေတ် ဗိသုကာလက်ရာတွေက ခေတ်မီအဆောက်အအုံတွေနဲ့အတူ ယှဉ်တွဲနေတာဖြစ်ပါတယ်။

မင့်(စ်)မြို့ရဲ့ မြို့လယ်ကောင်က အဓိကလမ်းမကြီးဖြစ်ပြီး ဥရောပရဲ့ အရှည်လျားဆုံးလမ်းမတွေထဲမှာ ပါဝင်ပါတယ်။ လမ်းမကြီးတစ်လျှောက်ကို လျှောက်လှမ်းကြည့်ရင် ခမ်းနားလှပတဲ့ ဂန္ထဝင်အဆောက်အအုံတွေကို ငေးမောနိုင်မှာပါ။

စိန်တုံးပုံစံနဲ့ တည်ဆောက်ထားတဲ့ အမျိုးသားစာကြည့်တိုက်ကြီးက မင့်(စ်)မြို့ရဲ့ သင်္ကေတတစ်ခုဖြစ်ပါတယ်။ ညဘက်မှာဆိုရင် မီးရောင်စုံတွေနဲ့ ထိန်ထိန်လင်းနေပြီး အပေါ်ဆုံးထပ်ကနေကြည့်ရင် တစ်မြို့လုံးရဲ့ ရှုခင်းကို ပသာဒဖြစ်ဖွယ်ရာ တွေ့မြင်နိုင်ပါတယ်။

မြစ်ကမ်းဘေးမှာရှိတဲ့ ရောင်စုံအိမ်လေးတွေနဲ့ ရှေးဟောင်းရပ်ကွက်လေးကတော့ ဓာတ်ပုံရိုက်ဖို့အကောင်းဆုံးနေရာပါပဲ။ ကော်ဖီဆိုင်လေးတွေ၊ အနုပညာပြခန်းလေးတွေနဲ့ပြည့်နှက်နေပြီး ၁၉ ရာစုအငွေ့အသက်ကို ခံစားရစေပါတယ်။ နေရာကတော့ Trinity Suburb ဖြစ်ပါတယ်။

ဘယ်လာရုစ်နိုင်ငံကို ရောက်ရင် မသွားမဖြစ် သွားရမယ့်နေရာကတော့ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရဲတိုက်ကြီးနှစ်ခုဖြစ်ပါတယ်။ အဲဒီရဲတိုက်ကြီးတွေက နတ်သမီးပုံပြင်ဆန်တဲ့ ရဲတိုက်ကြီးများလို့ပြောရင်လည်း မမှားပါဘူး။

ရဲတိုက်နှစ်ခုအနက်တစ်ခုက မီယာရဲတိုက်ဖြစ်ပါတယ်။ ၁၆ ရာစုကတည်းက တည်ဆောက်ခဲ့တဲ့ ရဲတိုက်ကြီးဖြစ်ပြီး ဂေါသစ်၊ ဘာရော့နဲ့ ရီနေးဆွန်း ဗိသုကာလက်ရာတွေ ပေါင်းစပ်ထားပါတယ်။

> ❖ **သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ သဘာဝတရားနဲ့ ရိုးသားအေးဆေးတဲ့ လူနေမှုဘဝကို မြတ်နိုးသူတွေအတွက်ဆိုရင်တော့ ဘယ်လာရုစ်နိုင်ငံဟာ မဖြစ်မနေ သွားရောက်လည်ပတ်သင့်တဲ့ "လျှို့ဝှက်ရတနာ" ကြီးတစ်ခုဖြစ်**

ရဲတိုက်ရဲ့ရှေ့က ရေကန်ထဲမှာ ရဲတိုက်ပုံရိပ်ထင်ဟပ်နေတာက ပန်းချီကားတစ်ချပ်သဖွယ် လှပလှပါတယ်။

နောက်ထပ်ရဲတိုက်တစ်ခုက နက်စဗီရဲတိုက်ဖြစ်ပါတယ်။ ဥရောပရဲ့ အလှဆုံးနန်းတော်တွေထဲက တစ်ခုလည်းဖြစ်ပါတယ်။ ဒီရဲတိုက်ကြီးက ရတ်ဇီဝေးမိသားစုရဲ့နေအိမ်ဖြစ်ခဲ့ပြီး အတွင်းပိုင်းအပြင်အဆင်တွေက ရွှေရောင်ဝင်းလက်ကာ အင်မတန်ခမ်းနားပါတယ်။ ရဲတိုက်ပတ်လည်က ဥယျာဉ်ကြီးထဲမှာ လမ်းလျှောက်ရင်း ရှေးခေတ်မင်းညီမင်းသားတွေရဲ့ဘဝကို စိတ်ကူးယဉ်ကြည့်နိုင်ပါတယ်။

ဥရောပရဲ့ ရှေးအကျဆုံးသစ်တောကြီးဖြစ်တဲ့ Belovezhskaya Pushcha က သဘာဝကြီးကိုချစ်ခင်မြတ်နိုးသူတွေအတွက် တကယ့်ကို သုခဘုံပါပဲ။ ဒီသစ်တောကြီးဟာ ဥရောပရဲ့ရှေးအကျဆုံးနဲ့ အကြီးဆုံးသော သစ်တောကြီးတစ်ခုဖြစ်ပါတယ်။ ဒီတောအုပ်ထဲမှာ ဥရောပကျွဲရိုင်းလို့ခေါ်တဲ့ တိရစ္ဆာန်တွေကို သဘာဝအတိုင်း တွေ့မြင်နိုင်ပါသေးတယ်။ ဒါ့အပြင် စက်ဘီးစီးတာ၊ တောတွင်းလမ်းလျှောက်တာတွေ ပြုလုပ်နိုင်ပြီး ဆောင်းရာသီမှာဆိုရင်တော့ နှင်းမှုန်ဖွေးဖွေးကြားမှာ သစ်တောအလှကိုခံစားရင်း "Father Frost" (ဘယ်လာရုစ်စန်တာကလော့)ရဲ့ အိမ်တော်ကို သွားရောက်လည်ပတ်နိုင်ပါတယ်။

ရိုးရာအစားအစာနဲ့ ဧည့်ဝတ်ကျေပွန်မှုအကြောင်းပြောရရင် ဘယ်လာရုစ်နိုင်ငံသားတွေက အာလူးကို အင်မတန်နှစ်သက်ကြပါတယ်။ သူတို့ဆီမှာ အာလူးနဲ့လုပ်တဲ့ ဟင်းလျာအမျိုးပေါင်း ၃၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။ အာလူးကိုအခြေခံတဲ့ အထင်ရှားဆုံးဟင်းလျာတချို့ကတော့ Draniki လို့ခေါ်တဲ့ အာလူးကိုခြစ်ပြီး ကြော်ထားတဲ့ အာလူးကပ်ကြော်ဖြစ်ပါတယ်။ နောက်တစ်ခုက Machanka လို့ခေါ်တဲ့ ဝက်သား၊ ဝက်အူချောင်းတို့ကို အနှစ်နဲ့ချက်ပြီး ပန်ကိတ်နဲ့တို့စားရတဲ့ ဟင်းလျာဖြစ်ပါတယ်။

**ဒေသခံတွေဟာ နိုင်ငံခြားသားတွေအပေါ်မှာ အလွန်ဖော်ရွေပြီး ကူညီတတ်ကြပါတယ်။ ဘာသာစကားအခက်အခဲရှိနိုင်ပေမယ့် သူတို့ရဲ့နွေးထွေးတဲ့ အပြုံးတွေကြောင့်ပဲ စိတ်လုံခြုံမှုကိုရရှိစေမှာဖြစ်ပါတယ်။**

ပဲရစ်တို့ ရောမတို့က ကမ္ဘာလှည့်ခရီးသွားတွေနဲ့ ပြည့်ကျပ်နေတဲ့နေရာတွေဖြစ်တာကြောင့် စိတ်ရှုပ်ရတာမျိုးတွေ ရှိတတ်ပါတယ်။ ဒါပေမယ့် ဘယ်လာရုစ်ကတော့ ဒီလိုစိတ်ရှုပ်စရာတွေနဲ့ ကင်းဝေးပြီး ခရီးသွားတွေနဲ့ ကျပ်ညပ်မနေဘဲ အေးအေးလူလူ လည်ပတ်နိုင်ပါတယ်။ ကုန်ကျစရိတ်ကလည်း ဥရောပရဲ့ တခြားနိုင်ငံတွေနဲ့ယှဉ်ရင် နေစရိတ်၊ စားစရိတ်မှာ အများကြီးသက်သာပါတယ်။ လုံခြုံမှုရှိရဲ့လားလို့ ဆိုလာရင်လည်း ဘယ်လာရုစ်နိုင်ငံဟာ ကမ္ဘာ့အလုံခြုံဆုံး နိုင်ငံများစာရင်းထဲမှာပါဝင်လေ့ရှိပြီး ညဘက်တွေမှာလမ်းလျှောက်ထွက်ရင်တောင် အလွန်စိတ်ချရတဲ့ အနေအထားရှိပါတယ်။

ဘယ်လာရုစ်ဆိုတာ သတင်းခေါင်းစဉ်တွေထဲမှာ တွေ့ရတာထက် ပိုမိုနက်ရှိုင်းတဲ့ အလှတရားတွေ ရှိနေတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ **သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ သဘာဝတရားနဲ့ ရိုးသားအေးဆေးတဲ့ လူနေမှုဘဝကို မြတ်နိုးသူတွေအတွက်ဆိုရင်တော့ ဘယ်လာရုစ်နိုင်ငံဟာ မဖြစ်မနေ သွားရောက်လည်ပတ်သင့်တဲ့ "လျှို့ဝှက်ရတနာ" ကြီးတစ်ခုဖြစ်ကြောင်း** ညွှန်းဆိုလိုက်ရပါတယ်။

## သက်ကြီးသတင်းစာပညာရှင်ကြီးများအတွက် ဒုတိယအကြိမ် ကူညီလှူဒါန်းပွဲ ကျင်းပမည်




**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကဦးစီး၍ သက်ကြီးသတင်းစာ ပညာရှင်ကြီးများအတွက် ပထမအကြိမ် ကူညီလှူဒါန်းမှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလက ပြုလုပ်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယအကြိမ် ကူညီလှူဒါန်းမှု ပြုလုပ်နိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ကောင်စီဝင်များ စုပေါင်းလှူဒါန်းငွေကျပ် ၂၅ သိန်းပေါင်း ငွေကျပ် ၃၅ သိန်းကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် အဖွဲ့ဝင်များက သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီခေါင်းဆောင် ဦးခင်မောင်ကျော်ဒင်ထံ ပေးအပ်သည်။(ဓာတ်ပုံ) သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဒုတိယအကြိမ် ထောက်ပံ့လှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အမှတ် ၃၉၂ - ၃၉၆၊ ကုန်သည်လမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉-၄၂၉၂၅၈၇၁၉၊ ၀၉-၄၄၈၀၂၆၃၂၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## အများအားဖြင့်သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
ရက်
၃၀
သာ လိုတော့သည်။

### ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် နှိုးဆော်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ (၁၅) ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့် နေ့ရက်နှင့် နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်သူများနှင့် ဝန်ထမ်းများအတွက် တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ပေးနေမှုကြည့်ရှုစစ်ဆေး

**လွိုင်ကော် နိုဝင်ဘာ ၂၇**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်၌ နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြသည့် ပြည်သူများနှင့် ဝန်ထမ်းများအတွက် နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဆက်လက်၍ ဒေါဥခူရပ်ကွက်နှင့် ဓမ္မာရုံရပ်ကွက်အတွင်း နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြသည့် ပြည်သူနှင့် ဝန်ထမ်းများအတွက် နေအိမ်များပြန်လည်ဆောက်လုပ်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလ ပြီးစီးအောင်ဆောင်ရွက်ရန်၊ နေအိမ်များ ဆောက်လုပ်ပြီးပါက သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေး တစ်ပါတည်း ဆောင်ရွက်ပေးရန်နှင့် ရပ်ကွက်အတွင်း ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် လမ်းများဘေးဝဲယာ သန့်ရှင်းသာယာရေးဆောင်ရွက်ပေးသွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



ကယားပြည်နယ်အစိုးရအဖွဲ့မှ လွိုင်ကော်မြို့ နောင်ယား(က)၊ နောင်ယား(ခ)၊ ဒေါဥခူ၊ ဓမ္မာရုံ၊ မင်းစု၊ နမ့်ကွတ်၊ နာနတ်တော၊ ထေးသမနှင့် မြေနီကုန်းမြို့ဦး ရပ်ကွက်များမှ နေအိမ်ထိခိုက်ပျက်စီးခဲ့ကြသည့် ပြည်သူနှင့် ဝန်ထမ်းများအတွက် ပထမအဆင့်အနေဖြင့် တန်ဖိုးသင့်အိမ်ရာအလုံး ၅၀ ကို တစ်ပြိုင်တည်း ဆောက်လုပ်ပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်နေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာအကများ၊ ပြပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပြည်နယ်နေ့အခမ်းအနားသို့ ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး ဂုဏ်ယူစွာဖြင့် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ယခုကတည်းက ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရန်အချက်များ တင်ပြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## သိပ္ပံပွဲတော် ၂၀၂၅ တတိယနေ့ ရန်ကုန်မြို့၌ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ(ROSATOM)နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ (Science Festival 2025) တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ န္တူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာ တက္ကသိုလ်တို့၌ ကျင်းပသည်။ **(ယာပုံ)**

သိပ္ပံပွဲတော်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အဏုမြူစွမ်းအင် ဦးစီးဌာနနှင့် အဆင့်မြင့် သိပ္ပံနှင့်နည်းပညာ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ROSATOM နှင့် ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute) တို့မှ တာဝန်ရှိသူများနှင့် ပါမောက္ခများ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းများမှ ပါမောက္ခများ၊ သုတေသီများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အဆိုပါစင်တာ၌ DIY Science Section အဖြစ် ကိုယ်တိုင်ဖန်တီးနိုင်သော သိပ္ပံနှင့် နည်းပညာရပ်များကို လက်တွေ့ပြုလုပ်ခြင်း ပြိုင်ပွဲ၌ အခြေခံပညာကျောင်းသားကျောင်းသူ ၁၀၀ သည် စက္ကူနှင့် တိပ်များကို အသုံးပြုပြီး အမြင့်ဆုံး Tower တည်ဆောက်ခြင်းကို အဖွဲ့လိုက် စိတ်ဝင်တစား ပျော်ရွှင်စွာ ယှဉ်ပြိုင်ကြသည်။

ထို့နောက် Big-Journey : North Pole ဟောပြောပွဲအစီအစဉ်၌ မြောက်ဝင်ရိုးစွန်းသို့ န္တူကလီးယားရေခဲခွဲသင်္ဘောဖြင့် သွားရောက်ခဲ့သည့် မြန်မာကျောင်းသူတစ်ဦး၏ အတွေ့အကြုံများနှင့် MEPhI မှ ပါမောက္ခတစ်ဦးက န္တူကလီးယား ရေခဲခွဲသင်္ဘောကို ရွေ့လျားမောင်းနှင်စေသည့် အကြောင်းအရာများကို ရှင်းလင်းမျှဝေကြသည်။

မွန်းလွဲပိုင်းတွင် Pathways to Russia: Career Insights: ရုရှားနိုင်ငံသို့ လမ်းကြောင်းများ- အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမြင်များ ဆွေးနွေးခြင်းအစီအစဉ်တွင် ရုရှားတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားနေသော မြန်မာကျောင်းသားကျောင်းသူများက အတွေ့အကြုံများကို အွန်လိုင်းမှ မျှဝေဆွေးနွေးပေးကြသည်။

ညနေပိုင်းတွင် "The Science Movies Alimanac" ရုပ်ရှင်ပြသခြင်းအစီအစဉ်တွင် စွန့်ပစ်စပါးခွံများမှ စီလီကာနှင့် ကာဗွန်ထုတ်ယူကာ အစိမ်းရောင်စွမ်းအင်ဖြစ်သော ဘက်ထရီထုတ်လုပ်မှု၊ အီဂျစ်နိုင်ငံရှိ ငါးလုပ်ငန်းဖွံ့ဖြိုးလျက်ရှိသောဒေသတွင် န္တူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်မှု၊ ရုရှားရေနံကုမ္ပဏီတစ်ခုက မီသိန်းဓာတ်ငွေ့မှ ဟိုက်ဒရိုဂျင်ထုတ်လုပ်သည့် သုတေသနအောင်မြင်မှုတို့ကို ပြသပြီး ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ပညာရှင်တစ်ဦးစီတို့က ထပ်ဆင့်ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများ၏ မေးခွန်းများကို ဖြေကြားကြကာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

အလားတူ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် နံနက်ပိုင်းက စ၍ "Hackatom" ပြိုင်ပွဲကို ကျင်းပရာ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူ ၁၄၀ ခန့် တက်ရောက်၍ ရုရှား-မြန်မာ နှစ်နိုင်ငံမှ ကြီးကြပ်သူများက ပြိုင်ပွဲစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး မေးခွန်းမေးမြန်းခြင်း၊ အဖွဲ့လိုက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် အချက်အလက်များပြုစု၍ IT Software Application များ၊ PowerPoints များကို ၂၄ နာရီအတွင်း ရှင်းလင်းတင်ပြနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။





**သတင်းစဉ်**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အခမ်းအနားတွင် ဖျော်ဖြေရေးအဖွဲ့များဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးသင်တန်းကျောင်းများဖြစ်သော ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း(မလိခ)နှင့်အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးစင်တာ(ရွှေပြည်သာ)တို့မှ ကျောင်းသူများအား



ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ ကျောင်းသူများက "ပြုံးပြုံးလေးနေပါ" သီချင်းဖြင့် လည်းကောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းသူများက "အလှကမ္ဘာမြေ" သီချင်းဖြင့် လည်းကောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကျောင်းသူများက "အဖြူရောင်သံစဉ်" သီချင်းဖြင့် လည်းကောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း(မလိခ)မှ ကျောင်းသူများက "မြန်မာ့သိုင်း" အကဖြင့် လည်းကောင်း၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးစင်တာ(ရွှေပြည်သာ) မှ ကျောင်းသူများက "လတ်ခတ်သံ" သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေကြသည်။

ဆက်လက်၍ ဖျော်ဖြေရေးအဖွဲ့များအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ရောင်းချနေသည့်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့က ရန်ကင်းမြို့နယ် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့် ပစ္စည်းနမူနာပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းခုနစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုတို့ကို အတည်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၀၈ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၆၇၈၆ နေရာ ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်မည့်လုပ်ငန်း သုံးခု အပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၈ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ်၏ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရန်အောင်မြင်ကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ဒိုးနွယ်ကျေးရွာနှင့် ကျေးစာဥကျေးရွာရှိ တောင်သူများ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာများ ဆွေးနွေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ဇီးဖြူကုန်းကျေးရွာ ရပ်မိရပ်ဖများက တင်ပြသော ရွာတွင်းရေနုတ်မြောင်း လိုအပ်ချက်နှင့် ရေစီမံခန့်ခွဲမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းမှာကြားသည်။

ထို့ပြင် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာ ပလွေးချောင်း ရေတိုက်စားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒက္ခိဏသီရိနယ် ကျေးစာဥကျေးရွာ အင်းနီကန်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကန်၏ ရေသိုလှောင်နိုင်မှု၊ ရေပေးဝေနိုင်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြပြီး ဒုတိယဝန်ကြီးက ကျေးရွာရှိ တောင်သူများ ရေကိုအကျိုးရှိ ထိရောက်စွာ သုံးစွဲစိုက်ပျိုးနိုင်ရန် ရေစီမံခန့်ခွဲရေးလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် တောင်သူများပါဝင်သော ရေစီမံခန့်ခွဲမှုဆောင်ရွက်ခြင်း၊ ရေအနည်းငယ်သာ အသုံးပြုရသည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ရာသီဥတုဖောက်ပြန်မှုဒဏ်ခံနိုင်သော ပေါင်ကြီးတင်စနစ်ကို အသုံးပြုစေရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် သင့်တော်သည့်နေရာများတွင် ရေအနည်းလိုစပါးနှင့် ယာစပါးကဲ့သို့ စပါးမျိုးစိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရန်၊ ပိုးသတ်ဆေးများကို လိုအပ်မှသာ ဖျန်းကြရန်နှင့်ကျေးရွာတွင်း ဒေသန္တရမျိုးစေ့စနစ် ပေါ်ထွန်းလာစေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီ (၁/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ (၁/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၅၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိရာ အသက် ၁၈ နှစ် အောက် လူဦးရေသည် နိုင်ငံ့လူဦးရေ၏ ၃၃ ဒသမ ၃၁ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် အများဆုံးနေထိုင်ကြကြောင်း၊ အဆိုပါကျေးလက်ဒေသရှိ ကလေးသူငယ်များသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့်သန့်ရှင်းမှုဆိုင်ရာ ဝန်ဆောင်မှု၊ ပညာသင်ကြားခွင့်ဆိုင်ရာအခွင့်အရေးများကို အကန့်အသတ်ဖြင့်သာ ရရှိနေကြသဖြင့် နိုင်ငံတော်အနေဖြင့် မွေးကင်းစမှသည် အသက် ၁၈ နှစ်ပြည့်သည်အထိ ကလေးသူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အကျင့်စာရိတ္တနှင့် ခံယူချက်မြင့်မားရေး အသက်ရှင်သန်ရပ်တည်ရေးတို့မှအစ စီမံကိန်းများချမှတ်လျက် ပြုစုစောင့်ရှောက်ကာကွယ်မှုများ ပေးလျက်ရှိကြောင်း။

အသက် ၁၈ နှစ်မပြည့်သေးသည့် ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေများပြဋ္ဌာန်းပြီး ကာကွယ်စောင့်ရှောက်မှုများ ပေးနေ



သကဲ့သို့ ဥပဒေနှင့်အညီ ကလေးအလုပ်သမားပပျောက်ရေးအတွက် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီနှင့် လုပ်ငန်းကော်မတီ ရှစ်ခု ဖွဲ့စည်း၍ ကဏ္ဍအလိုက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးကိုရှေးရှု၍ ကော်မတီအနေဖြင့် အမျိုးသားအဆင့် စီမံချက်ပါလုပ်ငန်းအစီအမံများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိရာ ပထမငါးနှစ်လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃ ခုနှစ်)ကို သက်ဆိုင်ရာကဏ္ဍများအလိုက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယငါးနှစ်လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုဝင်ဘာ ၂၄ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာအနီး အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ် မီးရှို့ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။




နိုဝင်ဘာ ၂၅ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာအနီး အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ် ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိခဲ့သည့် ပြည်ပနိုင်ငံသား ၂၆ ဦး။




နိုဝင်ဘာ ၂၆ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ် ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိခဲ့သည့် မြန်မာနိုင်ငံသား ရှစ်ဦး။





သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

❊ *ကျောဖုံးမှ*

လုပ်ငန်းလုပ်ကိုင် နေကြသူများကို မတွေ့ရှိရဘဲ အလျားပေ ၄၀၊ အနံပေ ၂၀ ရှိ ယာယီလူနေမိုးကာတဲ ငါးလုံး၊ အလျား ပေ၂၀၊ အနံ ၁၀ ပေ ရှိ ယာယီလူနေမိုးကာတဲ ခြောက်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ယာယီလူနေမိုးကာတဲ ခုနစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ ရှိ ရေကန် သုံးလုံး၊ ဝက်ခြံ ငါးခြံ၊ ကင်းတဲ ရှစ်လုံး၊ စားဖိုဆောင် နှစ်လုံး၊ ပလတ်စတစ်ထိုင်ခုံအလုံး ၁၅၀၊ မှန်တင်ခုံကြီး တစ်လုံး၊ သစ်သားခုံ ငါးခုံ၊ မော်နီတာ နှစ်လုံးနှင့် starlink တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် နိုဝင်ဘာ ၂၅ ရက်တွင် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ကောင်းဟိုင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်ယာယီအဆောက်အအုံများနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများဖြစ်သော အလျားပေ ၇၀၊ အနံပေ ၃၀ ရှိ ယာယီလူနေမိုးကာတဲ သုံးလုံး၊ အလျားပေ ၄၀၊ အနံပေ ၄၀ ရှိ ယာယီလူနေမိုးကာတဲ နှစ်လုံး၊ အလျား ၂၅ ပေ၊ အနံ ၁၅ ပေရှိ ယာယီလူနေမိုးကာတဲ တစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၅ ပေရှိ ယာယီလူနေမိုးကာတဲ ၂၈ လုံး၊ မီးစက် သုံးလုံး၊ ရေခဲသေတ္တာ အသေး တစ်လုံး၊ FREEZER တစ်လုံး၊ AIR COOLER ငါးလုံးနှင့် လန်ခရူဇာမော်တော်ယာဉ် တစ်စီးတို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၆ ရက်တွင် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်း ဆောင်ရွက်ရန် ဆောက်လုပ်လျက်ရှိသည့် အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးတဲ (လူမနေ) တစ်လုံး၊ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိ သွပ်မိုးအလုပ်ရုံ တစ်လုံး၊ အလျားပေ ၁၅၀၊ အနံ ခြောက်ပေ၊ အမြင့် ရှစ်ပေရှိ သွပ်မိုးအထပ်သားကာ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ရှစ်ပေရှိ သွပ်မိုး အထပ်သားကာ တစ်လုံး၊ အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးတဲ(လူမနေ) တစ်လုံး၊ အလျားပေ ၈၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးအကာမရှိတဲ တစ်လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုး အထပ်သားကာတဲ တစ်လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးအကာမရှိ ပြိုကျတဲ တစ်လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးတဲ တစ်လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးပြိုကျတဲ တစ်လုံး၊ အလျားပေ ၂၀၊ အနံပေ ၁၂၀၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးအထပ်သားဂိုဒေါင်တစ်လုံး၊ အလျားပေ ၂၀ ပတ်လည်သွပ်မိုးအထပ်သားကာ လူနေအိမ်တစ်လုံး၊ အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးမရှိတဲ နှစ်လုံး၊ ဂါလန် ၈၀၀ ဆံ့ တိုင်ကီအပြာ လေးလုံးတို့ကို လည်းကောင်း၊ မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာ၏ တောင်ဘက်နေရာတစ်ဝိုက်အား ထပ်မံ၍ ရှင်းလင်းရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား ၂၆ ဦးနှင့် မြန်မာနိုင်ငံသား ရှစ်ဦးတို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်များအရ အဆိုပါကျေးရွာအနီး၌ သိုဝှက်သိမ်းဆည်းထားသည့် MA–1 သေနတ် တစ်လက်၊ MA–13 သေနတ် တစ်လက်၊ AK – 12 သေနတ် တစ်လက်၊ ကာဘိုင် သေနတ်တစ်လက်၊ WINCHESTER 12 V သေနတ် တစ်လက်၊ ၉ မမကျည် ၁၀ တောင့်၊ 12 V ကျည် နှစ်တောင့်၊ ၉ မမကျည်အိမ် တစ်ခု၊ AK ကျည်အိမ် တစ်ခုနှင့် ကာဘိုင်ကျည်အိမ် တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများ၊ ယာယီလူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျစိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြဝတီဒေသတွင် ဖြစ်ပေါ်နေသော Online လောင်းကစားမှုများကို နှိမ်နင်းနေသည့်အခြေအနေများနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

(၂၇ . ၁၁ . ၂၀၂၅)

ကရင်ပြည်နယ် မြဝတီဒေသဆိုတာ ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် ရှိပြီး အိန္ဒိယ- မြန်မာ-ထိုင်း သုံးနိုင်ငံ အာရှလမ်းမကြီး၏ အချက်အချာကျတဲ့ နယ်မြေဖြစ်ပါတယ်။ ဒီနယ်မြေမှာ ကရင်လက်နက်ကိုင်အဖွဲ့အစည်းအများစု အခြေချလှုပ်ရှားနေပါတယ်။ ၂၀၁၅ ခုနှစ်မှာ NCA သဘောတူစာချုပ်ကို ကရင်လက်နက်ကိုင်အဖွဲ့တွေဖြစ်တဲ့ DKBA ၊ KNU/KNLA-PC ၊ KNU တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နယ်မြေတည်ငြိမ်မှုရှိလာတာနဲ့အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလို ငြိမ်းချမ်းရေးတည်ဆောက်နေတဲ့ကာလ ၂၀၁၆ ခုနှစ်မှာ အခွင့်ကောင်းယူ တစ်ဖက်လှည့် အကြောင်းပြပြီး KNU တပ်မဟာ ၇ နယ်မြေထဲက ရွှေကုက္ကိုလ်စီမံကိန်းကို စတင်ခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွင်း ကျောက်ခတ်ကျေးရွာမှာ Chongkhaed Garden Resort လောင်းကစားရုံ စီမံကိန်းနဲ့ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှာတော့ တပ်မဟာ ၆ နယ်မြေ မဲ့ထော်သလေးဒေသမှာ KK Park စီမံကိန်းတို့ကို စတင်လုပ်ဆောင်ခဲ့ကြကြောင်း တွေ့ရှိရပါတယ်။

KNU ခေါင်းဆောင်ပိုင်းတွေအနေနဲ့ လုပ်ပိုင်ခွင့်ကို တရားဥပဒေမဲ့ အသုံးချကာ နိုင်ငံပိုင်မြေတွေကို နှစ်ရှည်စာချုပ် ချုပ်ပြီး ပြည်ပနိုင်ငံသားတွေကို ငှားရမ်းတာ၊ တရားမဝင်လောင်းကစား လုပ်ငန်းအပါအဝင် ဒုစရိုက်လုပ်ငန်းတွေကို အခကြေးငွေယူပြီး အကာအကွယ်ပေးတာတွေ လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီနယ်မြေမှာ အခြေချလာတဲ့ ပြည်ပနိုင်ငံသားတွေအများစုဟာ ကမ္ဘောဒီးယားနိုင်ငံက ကာစီနိုလောင်းကစားမြို့ဖြစ်တဲ့ သီဟာနုဘောလ်ကနေ ပြောင်းရွှေ့လာကြတာဖြစ်ပါတယ်။ ဒီ သီဟာနုဘောလ်မှာ လောင်းကစားလုပ်ငန်းတွေထွန်းကားလာတဲ့အခါ ဒုစရိုက်မှုတွေ ထူပြောလာသလို ဒေသခံတွေအတွက် ဘာသာစကားမကျွမ်းကျင်မှုကြောင့် စီးပွားရေးလုပ်ရာမှာ အခက်အခဲတွေ ဖြစ်ခဲ့ရတဲ့အပြင် တစ်မြို့လုံးကို နိုင်ငံခြားသားတွေ လွှမ်းမိုးလာခဲ့ပါတယ်။ ဒါ့အပြင် ကာစီနိုလုပ်ငန်းတွေနဲ့အတူ လူမိုက်မာဖီးယားတွေရဲ့ ဥပဒေမဲ့ အနိုင်ကျင့်နှိပ်စက်မှုကိုလည်း ခံခဲ့ကြရကြောင်း တွေ့ရှိကြရပါတယ်။ ဒါ့ကြောင့် မြဝတီဒေသကိုလည်း သီဟာနုဘောလ် လိုဖြစ်မှာ ဒေသခံ ကရင်တိုင်းရင်းသားတွေက စိုးရိမ်ခဲ့ကြပြီး ဒီစီမံကိန်းတွေနဲ့



လောင်းကစားလုပ်ငန်းတွေကို လက်မခံဘဲ ကန့်ကွက်ခဲ့ကြပါတယ်။ ရွှေကုက္ကိုလ်၊ ကျောက်ခတ်နဲ့ KK Park မှာ ရှိနေတဲ့ ရာဇဝတ်ဂိုဏ်းတွေ၊ ငွေလိမ်ဂိုဏ်းတွေနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ KNU ခေါင်းဆောင်တွေကို ဖော်ထုတ်အရေးယူပေးဖို့ကိုလည်း ၂၀၂၃ ခုနှစ် ဧပြီလအတွင်းမှာ ကျင်းပတဲ့ KNU ကွန်ဂရက်မှာ တောင်းဆိုခဲ့တာ တွေ့ရှိရပါတယ်။ KNU က စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုဖွဲ့စည်းပြီး စုံစမ်းမှုတွေ ဟန်ပြလုပ်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေကို ပွင့်လင်းမြင်သာစွာနဲ့ ဒေသခံပြည်သူလူထုကို ဘာမှမချပြတဲ့အပြင် အရေးယူဆောင်ရွက်မှုတွေကိုလည်း ဘာတစ်ခုမှလုပ်တာ မတွေ့ရှိရပါဘူး။ ဒါကိုကြည့်ရင် ဒီမြဝတီ ဒေသမှာဖြစ်နေတဲ့ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းတွေမှာ KNU ခေါင်းဆောင်ပိုင်းက အတွင်းကျကျ ပါဝင်ပတ်သက်နေတယ်ဆိုတာ ထင်ရှားစွာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

မြဝတီဒေသမှာ အခုလိုမျိုး တရားမဝင်အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေတာကို နိုင်ငံတော်အစိုးရအနေနဲ့ လက်ခံခွင့်ပြုပေးခဲ့တာ မဟုတ်ပါဘူး။ ဒီလုပ်ငန်းတွေရဲ့အစက ၂၀၁၇ ခုနှစ်က စတင်ခဲ့တဲ့ ရွှေကုက္ကိုလ် စီမံကိန်းဖြစ်ပါတယ်။ ရွှေကုက္ကိုလ်စီမံကိန်းဆိုတာ မြန်မာ-ရထိုက် ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန်စီမံကိန်းအဖြစ် Yatai International Holding Group နဲ့ ချစ်လင်းမြိုင် ကုမ္ပဏီတို့က ပူးပေါင်းလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတွေစတင်ဖို့ကို ၂၀၁၆ ခုနှစ်လောက်ကတည်းက ပြင်ဆင်ခဲ့တာဖြစ်ပြီး အဲဒီတုန်းက NLD အစိုးရရဲ့ ကရင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဆွေးနွေးတိုင်ပင်မှုတွေ လုပ်ဆောင်ခဲ့ကြောင်း သိရှိရပါတယ်။ နောက်ပိုင်း ၂၀၁၇ ခုနှစ်၊ ဧပြီလထဲမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြခွင့်ပြုချက်ယူခဲ့ကြောင်း သိရှိရပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကတော့ စီမံကိန်းတင်ပြရာမှာ လောင်းကစားရုံတွေတည်ဆောက်မယ့်အစီအစဉ် မပါဝင်ဘူးလို့ဆိုခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒီစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) က ၂၅ ဒသမ ၅ ဧကသာ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ နှစ်ဦးပိုင်းမှာ ခွင့်ပြုပေးထားတဲ့ အဆောက်အအုံတွေထက် ပိုမိုဆောက်လုပ်နေကြောင်း ပြည်သူတွေက တိုင်ကြားတဲ့အတွက် ဒါနဲ့ ပတ်သက်ပြီးလည်း အဲဒီအချိန်က တာဝန်ရှိတဲ့ NLD အစိုးရအနေနဲ့ ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တာကြောင့် စီမံကိန်းလုပ်ငန်းတွေ ယာယီရပ်ဆိုင်းခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒီစီမံကိန်းကိစ္စကို အဲဒီတုန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးရဲ့(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးခွန်းမေးမြန်းတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနဲ့နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ပြန်လည်ဖြေကြားတဲ့အခါ မြေ ၂၅ ဒသမ ၅ ဧကပေါ်မှာ အဆင့်မြင့်လူနေအိမ်တွေ ဆောက်လုပ်ဖို့အတွက် ဥပဒေနဲ့အညီ စိစစ်ခွင့်ပြုခဲ့တာဖြစ်ကြောင်း၊ ဥပဒေအရ လိုက်နာရမဲ့ စည်းကမ်းချက်တွေကို လိုက်နာဖို့ပျက်ကွက်ရင်၊ ချိုးဖောက်သွေဖည်ခဲ့ရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တာ တွေ့ရှိရပါတယ်။ နောက်ပိုင်းမှာ လောင်းကစားလုပ်ငန်းတွေနဲ့ ပတ်သက်နေတဲ့သူတွေက ရပ်ဆိုင်းနေတဲ့လုပ်ငန်းတွေ ဆက်လုပ်လို့ရအောင် တရုတ်နိုင်ငံက အကောင်အထည်ဖော်နေတဲ့ BRI စီမံကိန်းမှာ ပါဝင်သယောင် ဝါဒဖြန့်ခဲ့တာ တွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံဆိုင်ရာ

*စာမျက်နှာ ၁၁ သို့*




မင်းလက်ပံနယ်မြေ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ။




မင်းလက်ပံနယ်မြေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ အခြေအနေ။




ရွှေကုက္ကိုလ်နယ်မြေ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ အခြေအနေ။




ရွှေကုက္ကိုလ်နယ်မြေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ။



ကျောက်ခတ်နယ်မြေ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ။



ကျောက်ခတ်နယ်မြေ ၂၀၂၃ ခုနှစ်၊ မတ်လ အခြေအနေ။



KK Park နယ်မြေ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ အခြေအနေ။



KK Park နယ်မြေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ။

*စာမျက်နှာ ၁၀ မှ*

တရုတ်သံရုံးက BRI စီမံကိန်းမှာမပါဝင်ကြောင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတုန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို သံအမတ်ကြီး မစ္စတာ ချန်ဟိုင် လာရောက်တွေ့ဆုံစဉ်မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒီရွှေကုက္ကိုလ်စီမံကိန်းတစ်ခုတည်းသာ နိုင်ငံတော်ကို တစ်စိတ်တစ်ပိုင်း တင်ပြပြီး ဆောင်ရွက်ခဲ့တာဖြစ်ပေမယ့် ကျန်တဲ့ ကျောက်ခတ်နဲ့ KK Park စတဲ့ စီမံကိန်း တွေကတော့ လုံးဝ တင်ပြခဲ့တာ မရှိဘူးဆိုတာလည်း တွေ့ရှိရပါတယ်။

နောက်လောင်းကစားလုပ်ငန်းစီမံကိန်းတစ်ခုဖြစ်တဲ့ မြဝတီမြို့နယ်၊ ကျောက်ခတ်ကျေးရွာမှာလုပ်နေတဲ့ Chongkhaed Garden Resort လောင်းကစားရုံစီမံကိန်းကို KKO အဖွဲ့က ဗိုလ်မှူးချုပ် အဆင့်ရှိတဲ့ စိုင်းကျော်လှ က ၂၀၁၇ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလမှာတော့ ထိုင်းနိုင်ငံအခြေစိုက် ထိုက်ချန်ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ခဲ့တာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

KK Park စီမံကိန်းကိုတော့ KNU အဖွဲ့ရဲ့ မုလအိအလင်း (Mu La Ei Ahlin) ကုမ္ပဏီနဲ့ ဟွာ့ည အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစု (Huanya International Holding Group) လက်အောက်ခံ ထိုင်းနိုင်ငံအခြေစိုက် Trans Asia International Holding Group တို့က ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်းမှာ သဘောတူစာချုပ် ချုပ်ပြီး စတင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒီစာချုပ်မှာ မုလအိအလင်းဘက်က အသိသက်သေများအနေနဲ့ လက်ရှိ KNU ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတဲ့ စောကွယ်ထူးဝင်းနဲ့ KNU ကာကွယ်ရေးဌာနရဲ့ အကြီးအကဲဖြစ်တဲ့ စောရော်ဂျာခင်တို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားကြောင်းကိုလည်း ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ မုလအိအလင်း ကုမ္ပဏီဆိုတာ KNLA စစ်ဦးစီးချုပ်အဆင့်ရှိ စောဂျော်နီရဲ့ သားအကြီးဆုံးဖြစ်တဲ့ စောဒို့စိုးဂျော်နီက ပိုင်ဆိုင်တာဖြစ်ပြီး မြေပြင်မှာတော့ သူ့လူယုံတွေဖြစ်တဲ့ စောဝင်းကျော်နဲ့ စောကျော်သူတို့က လုပ်ကိုင်နေတာဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံရေးဖြစ်စဉ်တွေကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေးအခြေအနေတွေအပေါ် အခွင့်ကောင်းယူပြီး ဒီဒေသတွေမှာ တရားမဝင်အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေကြောင်း သိရှိခဲ့ရပါတယ်။ ဒီအဆောက်အအုံတွေဆောက်လုပ်ဖို့အတွက် ပစ္စည်းကိရိယာတွေ၊ အခြေခံလိုအပ်ချက်တွေကို ထိုင်းနိုင်ငံဘက်ကတစ်ဆင့် တင်သွင်းခဲ့တာဖြစ်သလို နိုင်ငံခြားသားပိုင် ကုမ္ပဏီများက ကြီးကြပ်လုပ်ကိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီပုံတွေကတော့ ဂြိုဟ်တုဓာတ်ပုံတွေအရ ၂၀၂၂ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အထိ အဲဒီဒေသအတွင်းမှာ တိုးချဲ့ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံပုံတွေကို သိသာထင်ရှားစွာတွေ့ရမှာ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလကစလို့ သက်ဆိုင်ရာ ကရင်ပြည်နယ်အစိုးရကို တရားမဝင်အဆောက်အအုံတွေ ဆောက်လုပ်နေထိုင်မှုမရှိစေရေး စစ်ဆေးကြပ်မတ်ဖို့ညွှန်ကြားခဲ့တဲ့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ကလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဲဒီတရားမဝင်အဆောက်အအုံတွေ ဆောက်လုပ်တဲ့နယ်မြေတွေက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇ ရရှိထားတဲ့ သူတွေကို တရားစွဲပြီး လုပ်ထုံးလုပ်နည်းတွေအတိုင်း လုပ်ပိုင်ခွင့်တွေ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား လက်လှမ်းမီပြီး တည်ငြိမ်အေးချမ်းတဲ့ နယ်မြေဒေသတွေမှာ အခုလိုတရားမဝင်တဲ့ ဒုစရိုက်ရာဇဝတ်မှုတွေကို လုပ်ဆောင်လို့မရနိုင်ပါဘူး။ ဒါ့ကြောင့် KNU အဖွဲ့ဟာ ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ KNU တပ်မဟာ ၅ က ဖာပွန်မြို့နယ်ထဲမှာရှိတဲ့ သီးမူးထာ နယ်မြေခံလုံခြုံရေးစခန်းကို စတင်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး NCA သဘောတူညီချက်တွေကို ချိုးဖောက်ကာ နယ်မြေဒေသတည်ငြိမ်မှုမရှိစေဖို့ စတင်ဖန်တီးခဲ့ပါတယ်။ KNU တပ်မဟာ ၆ က ပြည်တွင်းမှာ အကြမ်းဖက်ဆူပူဆန္ဒပြမှုတွေ လုပ်ဆောင်ပြီး ထွက်ပြေးတိမ်းရှောင်လာတဲ့ လူငယ်တွေကို လက်ခံကာ စစ်သင်တန်းတွေပေးခဲ့သလို NUG အကြမ်းဖက်အဖွဲ့နဲ့ ပူးပေါင်းပြီး PDF အကြမ်းဖက်သမားတွေကို လက်နက်ပါတပ်ဆင်ပေးတဲ့အထိ လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှာတော့ သင်္ကန်းညီနောင်မြို့ကို KNU နဲ့ PDF တို့ပေါင်းပြီး တိုက်ခိုက်သိမ်းပိုက်ခဲ့သလို ကော့ကရိတ်နဲ့ သင်္ကန်းညီနောင်မြို့ကြားက အာရှလမ်းမကြီးကို အကြမ်းဖက်သောင်းကျန်းသူတွေက ထိန်းချုပ်ခဲ့ကြပါတယ်။ ကရင်ပြည်နယ် နယ်စပ်ဒေသအနှံ့အပြားမှာ KNU နဲ့ အပေါင်းပါ သောင်းကျန်းသူအဖွဲ့တွေက လုံခြုံရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တွေကို တိုက်ပွဲဖော်ဆောင်ပြီး နယ်မြေဒေသမတည်ငြိမ်အောင် လုပ်ခဲ့ပါတယ်။ ဒီလိုမျိုးလုပ်ဆောင်မှုတွေနဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းတွေကို KNU ထိန်းချုပ်နယ်မြေတွေထဲကနေ ဖယ်ရှားပြီး အခုဖြစ်ပေါ်နေတဲ့ Online လိမ်လည်လောင်းကစားမှုနဲ့ ဒုစရိုက်လုပ်ငန်းတွေကို သောင်းကျန်းသူအဖွဲ့တွေက အခကြေးငွေယူ အကာအကွယ်ပေးပြီး ဥပဒေမဲ့လုပ်ဆောင်လာခဲ့ကြတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အမြစ်ပြတ်ချေမှုန်းဖို့ ရည်မှန်းထားတဲ့အတိုင်း ဒီသောင်းကျန်းသူတွေ ယာယီထိန်းချုပ်ထားတဲ့ အာရှလမ်းမကြီးပေါ်က ကျုံဒိုး - ကော့ကရိတ်လမ်းပိုင်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း၊ ကော့ကရိတ်မြို့နဲ့ ကော့ကရိတ်-သင်္ကန်းညီနောင် လမ်းပိုင်းကို စက်တင်ဘာလအတွင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ အသက်သွေးချွေးတွေပေးဆပ်ပြီး ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ KNU နဲ့အပေါင်းပါ သောင်းကျန်းသူတွေဟာ ရရှိလာတဲ့ တရားမဝင်ငွေကြေးနဲ့ လူအင်အား၊ ငွေအင်အား အလုံးအရင်းသုံးပြီး နယ်မြေတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင် လုပ်ဆောင်ခဲ့တာကို တပ်မတော်က ခက်ခက်ခဲခဲ ပြန်လည်တိုက်စစ်ဆင်ပြီး တည်ငြိမ်မှုရှိအောင် လုပ်ခဲ့ရပါတယ်။ အောက်တိုဘာလ ၁၉ ရက်နေ့မှာတော့ လေးကေ့ကော်အပါအဝင် နယ်စပ်ဒေသတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မြဝတီဒေသကို နယ်မြေစိုးမိုးရေး ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံဘက်ကနေ တရားမဝင် လမ်းကြောင်းတွေကတစ်ဆင့် နယ်စပ်ဖြတ်ကျော်ပြီး ကျွန်တော်တို့နိုင်ငံထဲကို ဝင်ရောက်လာပြီး ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းအပါအဝင် ဒုစရိုက်လုပ်ငန်းတွေလုပ်ဆောင်ခဲ့ကြတဲ့ ပြည်ပနိုင်ငံသားတွေကို အဆက်မပြတ် ဖမ်းဆီးထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံတွေကို ပြည်နှင်လွှဲပြောင်းပေးမှုတွေ ဆက်လက်ဆောင်ရွက်နေပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့အထိ နိုင်ငံပေါင်း ၅၂ နိုင်ငံက နိုင်ငံခြားသား ၆၈၅၈၂ ဦးကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ မြဝတီဒေသမှာ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေနဲ့ ဒုစရိုက်လုပ်ငန်းတွေ ပြန်လည်အခြေမချနိုင်စေဖို့အတွက် တရားမဝင် ဆောက်လုပ်ထားတဲ့အဆောက်အအုံတွေကို အပြီးတိုင်ဖြိုချဖျက်ဆီး ရှင်းလင်းခြင်းတွေ ဆောင်ရွက်နေပါတယ်။ KK Park နယ်မြေထဲမှာ ဒီနေ့အထိ ၂၅၆ လုံးကို ဖြိုချဖျက်ဆီးရှင်းနိုင်ခဲ့ပြီး ကျန်ရှိတဲ့ ၃၇၉ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်။ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို ကျွန်တော်တို့ တိုက်ဖျက်ရှင်းလင်းနေမှုအပေါ် KNLA နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့ ပူးပေါင်းပြီး မြဝတီဒေသ၊ လေးကေ့ကော်နဲ့ အနီးဝန်းကျင်တစ်ဝိုက်မှာ တိုက်ပွဲတွေဖော်ဆောင်ကာ အမျိုးမျိုးနှောင့်ယှက်နေပါတယ်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ကနေ နိုဝင်ဘာလ ၂၆ ရက်နေ့အတွင်း တိုက်ပွဲဖြစ်စဉ် ၂၅ ကြိမ် ဖြစ်ပွားခဲ့ပြီး *စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ အသက်ခန္ဓာ စွန့်လွှတ်ခဲ့ရပေမယ့် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေ အောင်မြင်တဲ့အထိ တရားမဝင် ဒုစရိုက်လုပ်ငန်းတွေကို ဆက်လက်ရှင်းလင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီဒေသက အချို့အခိုင်အမာ အဆောက်အအုံတွေကိုဆိုရင် Online လောင်းကစားမှု ပြန်လည် မလုပ်ဆောင်နိုင်အောင် မြေလှန်ဖျက်ဆီးမှု၊ မိုင်းခွဲဖျက်ဆီးမှုတွေ လုပ်ပြီး ရေသောက်မြစ် အမြစ်ဖြတ်ဖျက်ဆီးလျက်ရှိပါတယ်။

ဖမ်းဆီးထိန်းသိမ်းရမိတဲ့ နိုင်ငံခြားသားတွေရဲ့ ထွက်ဆိုချက်တွေကိုကြည့်ရင် သူတို့ဟာ ထိုင်းနိုင်ငံဘက်ကနေ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာတာဖြစ်ပြီး ဒါကိုလည်း ကျွန်တော်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အလားတူထွက်ဆိုချက်တွေလည်း ကျွန်တော်တို့ဆီမှာ အများကြီး ရရှိထားပါတယ်။ ဒီနိုင်ငံခြားသားတွေကို သူတို့နိုင်ငံရဲ့ အစိုးရတွေလာမခေါ်မချင်း သူတို့ကို ထိန်းသိမ်းထားရတဲ့တာဝန် အင်မတန်ကြီးပါတယ်။ တစ်နေ့တာလိုအပ်တဲ့ အစားအစာအပြင် သောက်ရေ၊ သုံးရေကအစ ဝတ်စရာနဲ့ အိပ်ရာအဆုံး အားလုံးကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားရတာ ဖြစ်ပါတယ်။ စားစရိတ်အတွက်မှာတင် တစ်နေ့သုံးနပ်စာအတွက် တစ်ဦးကို တစ်သောင်းခွဲ ကျပ်နှုန်း အနည်းဆုံးကုန်ကျပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ကနေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့အထိ ငွေကျပ်သိန်းတစ်သောင်းသုံးထောင်ကျော် (၁,၃၃၆,၀၅၀,၀၀၀ ကျပ်) သုံးစွဲကုန်ကျခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသိက္ခာမကျအောင် အခုလိုဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေအနေနဲ့ ကိုယ့်နိုင်ငံသားကို အမြန်ဆုံးလာရောက်ခေါ်ဆောင်ပေးကြဖို့ကိုလည်း ပြောကြားလိုပါတယ်။ ပြည်ဖျက်မီဒီယာတွေကတော့ ဒါကိုအခွင့်ကောင်းယူပြီး အဖျက်အမှောင့်တွေ လုပ်ဆောင်နေသလို အစိုးရအပေါ် မီဒီယာအားနဲ့ထိုးနှက်တိုက်ခိုက်မှုတွေ လုပ်နေကြတဲ့အတွက် သတိရှိကြဖို့လိုပါတယ်။ အမေရိကန်နိုင်ငံက သူတို့နိုင်ငံသားတွေကို Online လိမ်လည်မှုကနေ ကာကွယ်ဖို့အတွက် Scam Center Strike Force (SCSF) ဖွဲ့ပြီး ဆောင်ရွက်နေကြောင်း ထုတ်ပြန်ခဲ့သလို အောက်လွှတ်တော်မှာလည်း မြန်မာ့အရေးဆွေးနွေးမှုတွေ ပြုလုပ်ပြီး Online လိမ်လည်လောင်းကစားမှု နှိမ်နင်းရေးကိစ္စတွေကို ဝင်ရောက်စွက်ဖက်ဖို့ ပြောဆိုလာတာတွေ တွေ့ရှိရပါတယ်။ ဒါဟာ ပွဲလှန့်တုန်းဖျာခင်းတဲ့ ကိစ္စလို့ ကျွန်တော်တို့မြင်ပါတယ်။

ဒီကြားထဲမှာ အကြမ်းဖက် KNU အဖွဲ့အနေနဲ့ နိုဝင်ဘာလ ၂၅ ရက်နေ့က ဖလူး(မင်းလက်ပံ) ဒေသမှာ ဖြစ်ပွားခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ထုတ်ပြန်ချက်၊ တောင်းဆိုချက်တစ်ခု လုပ်ကြဲထုတ်ပြန်လာတာကို တွေ့ရပါတယ်။ ထုတ်ပြန်ချက်မှာ DKBA အမည်နဲ့ စွပ်စွဲထားတာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီနေရာမှာ KKO/DKBA ဆိုတဲ့ အသုံးအနှုန်းကိုပဲ သုံးစွဲသွားပါမယ်။ ၂၀၁၂ ခုနှစ် ဧပြီလမှာ DKBA ဟာ ကလိုထူးဘောကရင်အစည်းအရုံး (KKO) ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီတုန်းက ဥက္ကဋ္ဌက မန်းရောဘတ်ဇန် ဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌက စောမိုရှေး ဖြစ်ပါတယ်။ သူတို့စတင်ဖွဲ့စည်းစဉ်က ထုတ်ပြန်ချက်ထဲမှာ KKO အဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး(KNU) အား မိခင်အဖွဲ့အစည်းအဖြစ် ခံယူတယ်လို့ ပါဝင်ပါတယ်။ အကြမ်းဖက် KNU အဖွဲ့ရဲ့ ထုတ်ပြန်ချက်ကို လေ့လာကြည့်ရင် သူတို့ဟာ ဖလူး (မင်းလက်ပံ) ဒေသနဲ့ ပါဝင်ပတ်သက်နေသူတွေကို အတွင်းကျကျ သိနေတာကို တွေ့နိုင်ပါတယ်။ အဲဒီကိစ္စမှာ KNU ကိုယ်တိုင် ထဲထဲဝင်ဝင် ပတ်သက်နေတာဖြစ်ပါတယ်။ အကြမ်းဖက် KNU ရဲ့ ထုတ်ပြန်ချက်နဲ့ လက်တွေ့မြေပြင်မှာ ဖြစ်ပျက်နေတာကလည်း ကွာခြားနေတာ တွေ့ရပါတယ်။ ဂြိုဟ်တု ဓာတ်ပုံမှတ်တမ်းများအရ ယခုအခင်းဖြစ်ပွားခဲ့ရာနေရာ ဖလူး၊ မင်းလက်ပံဒေသဟာ KNU တို့ရဲ့ KK Park ရဲ့ တောင်ဘက် အနီးအနားမှာပဲရှိတဲ့နေရာ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် မတိုင်မီက ဘာမှမရှိခဲ့ပါဘူး။ ၂၀၂၄ ခုနှစ်မှာ အဆောက်အအုံတွေ စတင်ဆောက်လုပ်လာပါတယ်။ ဒီအချိန်မှာ ကျွန်တော်ပြောခဲ့သလို အဲ့ဒီဒေသမှာ KNU နဲ့ အပေါင်းပါ အကြမ်းဖက်အဖွဲ့တွေရဲ့ ကရင်ပြည်နယ် နယ်စပ်ဒေသတွေမှာ သောင်းကျန်းတိုက်ပွဲဖော်ဆောင်တဲ့ အချိန်ဖြစ်လို့ အစိုးရရဲ့ လုံခြုံရေးအဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ မရှိချိန်ဖြစ်ပါတယ်။ KNU ရဲ့ ထုတ်ပြန်ချက် စာမျက်နှာ(၁)အပိုဒ် ၂ မှာ “ KNU တပ်ဖွဲ့များက ၎င်း DKBA တပ်ဖွဲ့များ တပ်စွဲထား၍ တိုက်ခိုက်သည့် နေရာအားရှင်းလင်းရာ DKBA တပ်ဖွဲ့ဝင်အနည်းဆုံး ၂၃၀ လက်နက်ချပြီး ၎င်းအခြေချစခန်းအား KNU မှ ထိန်းသိမ်းနိုင်ခဲ့သည်” ဟု ရေးသားထားပါတယ်။ တကယ့်ဖြစ်စဉ်မှာတော့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့၊ နေ့လယ် ၂ နာရီလောက်မှာ မင်းလက်ပံရွာကို KNU နဲ့ PDF အကြမ်းဖက်အဖွဲ့အချို့ ကားသုံးစီးနဲ့ရောက်လာပါတယ်။ ခင်ဗျားတို့ ကျွန်တော်တို့ စဉ်းစားကြည့်နော်။ မင်းလက်ပံရွာမှာရှိတဲ့ DKBA၊ KKO ပေါ့ဗျာ သူတို့အချင်းချင်းဟာ တကယ့်ရန်ဘက်တွေ၊ ရန်သူတွေဆိုရင် ဒီလိုကားနဲ့ ပေါ်ပေါ်တင်တင်





မြဝတီမြို့နယ် မင်းလက်ပံကျေးရွာရှိ လောင်းကစားရုံအတွင်း၌ နိုင်ငံခြားသားများ ဆူပူမှုဖြစ်ပွားသည့်အတွက် KNLA/PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ ပစ်ခတ်မှု မှတ်တမ်းဓာတ်ပုံ။

လာမလား။ ပြီးတော့ အဲဒီနေရာက KKO လုံခြုံရေးယူထားတဲ့ ဂိတ်ကို ရောက်လာပြီး KKO အဖွဲ့က ဗိုလ်မှူးအဆင့်ရှိ စောဖားထီး ကို ခေါ်ပြီး KKO အဖွဲ့ကို လက်နက်တွေ သူတို့ဆီအပ်ဖို့ ပြောခဲ့တယ်လို့ သိရပါတယ်။ စောဖားထီးက သူတို့ကို ဒီနေရာမှာ တာဝန်ခံက သူမဟုတ်ကြောင်း၊ စောကျော်ကိုမင်း(ခေါ်) သခွားသီး ဖြစ်ကြောင်းနဲ့ သူတို့ကို မဖမ်းဖို့ပြောခဲ့ပါတယ်။ KNU/PDF အဖွဲ့အနေနဲ့ သူတို့ကို KNU ဗဟိုက ဖမ်းခိုင်းတာဖြစ်ကြောင်းနဲ့ KKO ဆီက လက်နက် အလက် ၁၇၀ နဲ့ အဖွဲ့ဝင်အချို့ကို ဖမ်းဆီးသွားခဲ့ပါတယ်။ အဲဒီကိစ္စတွေဖြစ်နေချိန်မှာပဲ KNU/PDF အကြမ်းဖက်အဖွဲ့က KKO ခေါင်းဆောင်တွေဆီ ဆက်သွယ်ပြီး စောကျော်ကိုမင်း(ခေါ်)သခွားသီးကို မင်းလက်ပံမှာ မတွေ့တဲ့အတွက် ဖမ်းဆီးအပ်နှံပေးဖို့ တောင်းဆိုခဲ့တယ်ဆိုတာ သိရပါတယ်။ KNU/PDF အဖွဲ့က ဖမ်းသွားတဲ့ KKO တွေ ပြန်လွတ်မြောက်ရေးအတွက် KKO ခေါင်းဆောင်တွေ KNU နဲ့ ဆက်သွယ်ညှိနှိုင်းနေတယ်ဆိုတာလည်း သိရပါတယ်။ မရှေးမနှောင်းမှာပဲ နိုဝင်ဘာ ၂၄ ရက်နေ့မှာ DKBA/KKO အနေနဲ့ KNU က တောင်းထားတဲ့ စောကျော်ကိုမင်း(ခေါ်) သခွားသီးကို ဖမ်းဝရမ်း ထုတ်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ သူတို့နယ်မြေအတွင်း နိုင်ငံခြားသားများ သယ်ဆောင်ခြင်းကို စစ်ဆေးတွေ့ရှိရင် ဖမ်းဆီးအရေးယူမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ဒါတွေကိုကြည့်ရင် မင်းလက်ပံကိစ္စဟာ KNU သိတယ်။ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတယ်ဆိုတာ ထင်ရှားပါတယ်။

KNU အကြမ်းဖက်အဖွဲ့တွေ့ရဲ့ ထုတ်ပြန်ချက် စာမျက်နှာ (၂) အပိုဒ်၂ မှာ “စစ်တပ်နှင့် ၎င်းတို့ကို ကူညီတိုက်ခိုက်ပေးနေသော တပ်ဖွဲ့များမှ ဆက်လက်ထိုးစစ်ဆင်နေပြီး တိုက်ပွဲများဖြစ်နေလို့ KNU အနေနဲ့ ၎င်းပတ်ဝန်းကျင်လုံခြုံရေးအတွက် ဆက်လက်တာဝန်ယူထားတယ်” လို့ ပါဝင်ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ KK Park နဲ့ ရွှေကုက္ကိုလ်မှာ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေရပါတယ်။ အဲဒီနေရာတွေကို KNU အကြမ်းဖက်တွေက လာပစ်လို့ တိုက်ပွဲငယ်များ ဖြစ်နေပါတယ်။ KNU အနေနဲ့ ဒီလို လိမ်လည်ထုတ်ပြန်တာ အကြောင်းနှစ်ချက်ရှိပါတယ်။ နံပါတ်(တစ်)က မင်းလက်ပံမှာ သူတို့ထိန်းသိမ်းထားတဲ့သူတွေထဲက သူတို့အကြောင်း ထဲထဲဝင်ဝင်သိတဲ့လူတွေကို နှုတ်ပိတ်ချင်တာပါမယ်။ နှုတ်ပိတ်တာ လက်လွန်သွားရင် တိုက်ပွဲဖြစ်လို့ သေတာပါလို့ အကြောင်းပြချင်တာဖြစ်မယ်။ နံပါတ်(နှစ်)က သူတို့နဲ့ ပတ်သက်တဲ့ သဲလွန်စတွေကို ဖျောက်ဖျက်ပြီး အခြားအဖွဲ့တွေအပေါ် အပြစ်ပုံချဖို့ ဖြစ်ပါမယ်။ ဒါကို ထင်ရှားစေတာကတော့ စာမျက်နှာ ၃ မှာ ပါတဲ့ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ “ မနက်စောစောတွင် Scam အလုပ်သမားရာပေါင်းများစွာသည် အသေခံဒရုန်းတိုက်ခိုက်မှုများ ရှိမည်ကြား၍ ထိတ်လန့်တုန်လှုပ်စွာ ခြံဝင်းအတွင်းမှ ထွက်ပြေးရန်ကြိုးစားခဲ့ကြသည်။ အဆောက်အအုံများအတွင်း အလုပ်သမားအချင်းချင်း ရန်ပွဲများဖြစ်နေသည့် ဆူညံသံများ၊ အရိုပ်အယောင်များ တွေ့ရသည်” လို့ ရေးထားပါတယ်။ တကယ့်မြေပြင်မှာ ဖြစ်ပွားခဲ့တာကတော့ နိုဝင်ဘာ





မြဝတီမြို့နယ် မင်းလက်ပံကျေးရွာရှိ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းမှ ထွက်ပြေးလာသည့် ပြည်ပနိုင်ငံသားများအား ထိုင်းနိုင်ငံမှ ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံ။

၂၅ ရက်နေ့ နံနက် ၅ နာရီခွဲခန့်မှာ မင်းလက်ပံမှာ တရားမဝင်ရောက်ရှိပြီး KNU ရဲ့ ဖမ်းဆီးပိတ်လှောင်ခံထားရတဲ့ ပြည်ပနိုင်ငံသားများက သူတို့ကို ပိတ်လှောင်မထားဖို့ အဝတ်အစားတွေကို မီးရှို့ဆန္ဒပြတောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ဒါကို KNU/PDF အဖွဲ့က ပစ်ခတ်တယ်လို့သိရပါတယ်။ ပြည်ပနိုင်ငံသားအချို့ ထိခိုက်ဒဏ်ရာရကြောင်းနဲ့ သေဆုံးနိုင်ဖွယ်ရှိကြောင်း သိရပါတယ်။ ကျွန်တော်တို့ရရှိထားတဲ့ မှတ်တမ်းဓာတ်ပုံများပဲ ဖြစ်ပါတယ်။ ဒါတွေဖြစ်ပြီးနောက်ပိုင်းမှာ နိုဝင်ဘာ ၂၅ ရက်နေ့ ည ၇ နာရီခွဲမှာ တရုတ်နိုင်ငံသား ၆၃၅ ဦး၊ လာအိုနိုင်ငံသား ၂၃ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၆ ဦး စုစုပေါင်း ၆၇၄ ဦးဟာ သောင်ရင်းမြစ် တစ်ဖက်ကမ်း ထိုင်းနိုင်ငံ မဲဆောက်မြို့ မဲ့ကိုကင်းကျေးရွာဘက်ကို ရောက်ရှိလာတယ်လို့ သိရပါတယ်။ အဲဒီနေ့ ညပိုင်းမှာပဲ မင်းလက်ပံထဲက အွန်လိုင်းလိမ်လည်မှုလုပ်ငန်း ဦးစီးလုပ်ကိုင်နေသူလို့ ယူဆရတဲ့ ပြည်ပနိုင်ငံသား ၂၀ လောက်ကို သူတို့ရဲ့ Double Cub မော်တော်ယာဉ်များ၊ ဆီပီပါ အလုံး ၁၀၀ ခန့်နဲ့၊ ငွေထည့်ထားတဲ့ မီးခံသေတ္တာ ကားလေးစီးတိုက်စာကို KNU/ PDF အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သယ်ထုတ်သွားကြောင်း သိရပါတယ်။ ကျန်သတင်းတွေ ရှိနေနိုင်ပါသေးတယ်။ ဒီလောက်ဆိုရင် အကြမ်းဖက် KNU ဘာလည်းဆိုတာ အားလုံးကသိနိုင်ပြီလို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီ Online လိမ်လည်လောင်းကစားမှု လုပ်ငန်းတွေကို စတင်ခြေရာခံမိတဲ့ အချိန်ကစလို့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေနဲ့ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်ဖမ်းဆီးမှုတွေကို တက်တက်ကြွကြွ ဆောင်ရွက်နေသလို ဒေသတွင်းနိုင်ငံတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ နိုင်ငံအဝှမ်း နေရာအနှံ့အပြားမှာ စစ်ဆင်ရေးတစ်ရပ်သဖွယ် နှိမ်နင်းလျက်ရှိပါတယ်။ ရရှိထားတဲ့ သတင်းအရ ဒီလ ၂၄/ ၂၅ / ၂၆ ရက်တို့မှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့အနီးကို ရှင်းလင်းခဲ့ရာမှာ မိုင်းနောင်မြို့ အရှေ့တောင်ဘက် နောင်တောက်ရွာ၊ ကောင်းဟိုင်းရွာ၊ ဝမ်ကျောင်းရွာအနီးမှာ Online လိမ်လည်လောင်းကစားမှုကျူးလွန်တဲ့ ပြည်ပနိုင်ငံသား ၂၈ ဦး၊ မြန်မာနိုင်ငံသား ရှစ်ဦးတို့ကို အဆောက်အအုံများ၊ မော်တော်ယာဉ်များ၊ ဆက်စပ်ပစ္စည်းများ၊ လက်နက်ငယ်ငါးလက်တို့နဲ့အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေနဲ့ ဒုစရိုက်လုပ်ငန်းတွေကို ဘယ်သောအခါမှ ခွင့်ပြုခဲ့ခြင်းမရှိသလို မြန်မာနိုင်ငံရဲ့ ပိုင်နက်နယ်မြေကို အသုံးချပြီး မိတ်ဆွေနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအပေါ် ရာဇဝတ်မှုကျူးလွန်နေတာကိုလည်း လုံးဝ(လုံးဝ) လက်ခံမှာမဟုတ်ဘူးဆိုတာ အလေးအနက်ထားပြောကြားထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေတဲ့ ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေ မြန်မာ့ ရေ၊ မြေကနေ အမြန်ဆုံးအမြစ်ပြတ်စေရေး တိုက်ဖျက်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားအပ်ပါတယ်။

# နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထို့အပြင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှု ထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

ယင်းအပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၇ အရ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ တို့၏ ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ ကင်းလွတ်ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသူ/အကျဉ်းသားများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည် လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မန္တလေးမြို့ ဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - မောင်အေးချမ်း

## အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

### ရန်ကုန်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၁၉၂ ဦး လွတ်ငြိမ်း သက်သာခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဦးစွာ အင်းစိန်ဗဟိုအကျဉ်းထောင်၏ မိုးလုံလေလုံခန်းမကြီး၌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကိုကိုလွင်တို့က ဆုံးမသြဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် သတ်မှတ်စည်းကမ်းနှင့်ကိုက်ညီသည့် နိုင်ငံသား အကျဉ်းသား ၁၁၀၊ အကျဉ်းသူ ၈၂ ဦး စုစုပေါင်း ၁၉၂ ဦးအပြင် အဆိုပါဥပဒေပုဒ်မဖြင့် အမှုရင်ဆိုင်နေဆဲ အချုပ်သား အချုပ်သူတို့လည်း အမှုမှလွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ပြီး သက်ဆိုင်ရာ ခရိုင်/မြို့နယ်များသို့ YBS ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ မိဘဆွေမျိုးများက အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဂိတ်မကြီးရှေ့တွင် ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**



### မကွေး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မကွေးအကျဉ်းထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၁၄ ဦးအား နိုဝင်ဘာ ၂၇ ရက်က လွှတ်ပေးခဲ့သည်။

အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့်လွှတ်ပေးရာတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် မကွေးအကျဉ်းထောင်မှ အကျဉ်းသား/အကျဉ်းသူ ၁၄ ဦးအား မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပုသိမ်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားအကျဉ်းသူများအနက် အကျဉ်းသား ခုနစ်ဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း ရှစ်ဦးတို့အား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၂၆-၁၁-၂၀၂၅ ရက်စွဲပါ အမိန့်အမှတ်၊ (၁၀/၂၀၂၅)အရ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)ဖြင့် "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**



### တောင်ငူ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်အမှတ်(၁၀/၂၀၂၅) အရ နိုဝင်ဘာ ၂၇ ရက်က တောင်ငူအကျဉ်းထောင်မှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅- က ဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသူ ခြောက်ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် တောင်ငူအကျဉ်းထောင်ဧည့်ရိပ်သာ၌ တောင်ငူအကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စောကျော်မင်းဦးနှင့် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသူ ခြောက်ဦးအား ဆုံးမသြဝါဒစကားပြောကြားပြီး ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



### ပခုက္ကူ

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူအကျဉ်းထောင်မှ အကျဉ်းသား/ အကျဉ်းသူသုံးဦးအား နိုဝင်ဘာ ၂၇ ရက်က လွှတ်ပေးခဲ့သည်။

ထိုသို့လွှတ်ပေးရာတွင် ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းနှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြားကာ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ နေရပ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြကြောင်း သိရသည်။ **ကယ်ရီမောင်**

### ကလေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အကျဉ်းဦးစီးဌာန၊ ကလေးအကျဉ်းထောင်မှ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ (၂၇-၁၁-၂၀၂၅) ရက်စွဲပါ အမိန့်အမှတ်(၁၁/၂၀၂၅)၊ ကျင့် ၄၀၁/၁ အရ အကျဉ်းသား အမျိုးသမီး ငါးဦး လွတ်ငြိမ်းသက်သာခွင့်ပေးသည့် အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က အဆိုပါ အကျဉ်းဦးစီးဌာန ဧလပ်ဖြူခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး စောမြင့်တို့က လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်ကြသည့် အကျဉ်းသူများအား ဆုံးမသြဝါဒစကားပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိသည်။

**ခရိုင်(ပြန်/ဆက်)**

### ပဲခူး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ပဲခူးအချုပ်ထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၁၉ ဦးအား နိုဝင်ဘာ ၂၇ ရက်က လွှတ်ပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့်လွှတ်ပေးရာတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ပဲခူးအချုပ်ထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၁၉ ဦးအား တာဝန်ရှိသူများက ဆုံးမစကားများပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

### မိတ္ထီလာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အကျဉ်းဦးစီးဌာနမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား/အကျဉ်းသူ ၁၁ ဦးကို နိုဝင်ဘာ ၂၇ ရက်က နန်းတော်ကုန်းရပ်ကွက်ရှိ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန စုံးစမ်းရေးမှူးနှင့် မိတ္ထီလာအကျဉ်းဦးစီးဌာန ဦးစီးမှူးတို့က ပြစ်ဒဏ်လွတ်ငြိမ်းသက်သာဖြင့်လွတ်သည့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့်လွတ်မြောက်မည့် အကျဉ်းသား/ အကျဉ်းသူများအား မိတ္ထီလာအကျဉ်းဦးစီးဌာနဧည့်ရိပ်သာတွင် ဆုံးမသြဝါဒစကားများပြောကြားပြီး အကျဉ်းသား/အကျဉ်းသူများအား ထောင်လွတ်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနားပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

၁၉၂၅ ခုနှစ်က မန္တလေးမြို့ ဆိုင်းတန်းရပ်၌ ဆရာကြီး မြို့မငြိမ်း(ခ) ဦးကျော်ငြိမ်းအပါအဝင် ဝါသနာရှင် လူငယ်တစ်စုဖြင့် စတင်ဖွဲ့စည်းခဲ့သည့် မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရတနာပုံ ခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မအပျော်တမ်း တူရိယာအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူ များ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးမြို့မ အပျော်တမ်း တူရိယာအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနားမုခ်ဦး အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ရတနာပုံခန်းမအတွင်း၌ ခင်းကျင်းပြသထားသော မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း၏ ခေတ် အဆက်ဆက် ထိန်းသိမ်းထားရှိသော မှတ်တမ်း ဓာတ်ပုံများနှင့် တူရိယာပစ္စည်းများအား လိုက်လံ ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြု အဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့မ အပျော် တမ်းတူရိယာအသင်းကြီး၏ဥက္ကဋ္ဌက မြို့မအသင်း ကြီးအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူ များက မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း ကြီး၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲ တွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့မ မောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများက အကအလှ သီချင်းများဖြင့် သီဆို ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မန္တလေးမြို့မ အပျော်တမ်းတူရိယာ အသင်းကြီးအဖွဲ့အား ဂုဏ်ပြုမင်္ဂလာပန်းခြင်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကျိုက်မရောမြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်းများ မြေပြင်အမှန် ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

**ကျိုက်မရော နိုဝင်ဘာ ၂၇**

ကျိုက်မရောမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်နိုင်ရေး အတွက် မဲဆန္ဒရှင်အမည်စာရင်း များ ဒုတိယအကြိမ် ကပ်ထား ကြေညာပေးလျက်ရှိရာ ပြည်သူ များ လာရောက်ကြည့်ရှုမှုအပြင် မိမိအမည်ပါ မပါ သိရှိနိုင်ရန် အတွက် နိုဝင်ဘာ ၂၇ ရက် နံနက် က ရပ်ကွက်/ ကျေးရွာများအတွင်း တစ်အိမ်တက်ဆင်း ကွင်းဆင်း ကောက်ယူရေးအဖွဲ့များ ဆောင်ရွက် ခဲ့ကြောင်း သိရသည်။




အဆိုပါ မြို့နယ်မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီအဖွဲ့များက ကျိုက်မရောမြို့ပေါ်ရပ်ကွက် လေး ခုတို့တွင် ဒုတိယအကြိမ် မဲစာရင်း များကပ်ထားမှုကို ပြည်သူများ လာရောက်ကြည့်ရှုမှုနှင့် အိမ်တိုင် ရာရောက် မဲစာရင်းများပြည့်စုံ မှန်ကန်စေရေးအတွက် မိမိရပ်ကွက် အတွင်းနေထိုင်သည့် အိမ်ထောင်စု အလိုက် မဲစာရင်းတွင် ပါ၊ မပါ တိုက်ဆိုင်စစ်ဆေး၍ စာရင်း ကောက် ယူနေမှုများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းရည်ထက်နှင့် မြို့နယ်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်း များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့များက တစ်အိမ်တက် ဆင်း ကွင်းဆင်းကောက်ယူခဲ့ကြ ကြောင်း သိရသည်။

**ကျိုက်မရော**

**(ပြန်/ဆက်)**

# တံတားဦးမြို့နယ်၌ ဝန်ထမ်းသက်သာဈေးရောင်းပွဲတော် ကျင်းပ

**တံတားဦး နိုင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦး မြို့နယ်၌ ဝန်ထမ်းသက်သာ ဈေးရောင်းပွဲတော်ကို ယနေ့နံနက် ၇ နာရီက တံတားဦးမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ယာယီ) ရုံးဝင်းအတွင်း၌ ဆန်၊ ဆီ၊ ကြက်ဥ၊ အမဲသားနှင့် ဝက်သားများကို ရောင်းချပေးလျက်ရှိကြောင်း သိရ သည်။



အဆိုပါ သက်သာဈေးရောင်း ပွဲတော်သို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ တံတားဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုး ဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှု ဆောင်အရာရှိ ဦးကျော်မင်းမင်း ထွန်းနှင့် တာဝန်ရှိသူများ တက် ရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝန်ထမ်းသက်သာဈေးရောင်း ပွဲတော်တွင် အမဲသားနှင့်ဝက်သား ဆန်၊ ဆီ၊ ကြက်ဥ စသည်တို့ကို ဝန်ထမ်းသက်သာဈေးဖြင့် ရောင်း ချပေးနိုင်ခဲ့ကြောင်း မြို့နယ်စည်ပင် သာယာရေးအဖွဲ့ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# “မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်၊ သောကြာနေ့ ညချမ်းတွင် “မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ”ကို မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ရာပြည့်သဘင် အထိမ်းအမှတ်အကြိုလှုပ်ရှားမှု အဖြစ် နန်းတော်ရှေ့ ဆရာတင်နှင့် အလင်္ကာကျော်စွာ မြို့မငြိမ်း စသည့် မြို့မ၏ တေးပြုစာဆိုကြီးများ၏ ဂန္ထဝင်တေးသီချင်းများနှင့် သီချင်းဆိုပြိုင်ပွဲများ ကျင်းပခဲ့ပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူ များက နိုင်ငံကျော်တေးသံရှင်များ၊ မန္တလေးမြို့မ တူရိယာအသင်းကြီး၏ ပင်တိုင်တေးသံရှင်များနှင့် အတူ မြို့မအသင်းကြီး၏ ခေတ်အဆက်ဆက် ကျော်ကြားခဲ့သည့် တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

“မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး ၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တေးဂီတဖျော်ဖြေ ပွဲ”ကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တစ်ပြိုင် နက် ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App ၏ Enter–tainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့် အပြင် နိုဝင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV–HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




○ *ကျောဖုံးမှ*

ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ဂိုးပြတ် ရှုံးပွဲ ကြုံတွေ့ခဲ့ရသည်။ အာဆင် နယ်အသင်းအတွက် ဦးဆောင်ဂိုး ကို ဂျူရီယန်တင်းဘားက သွင်းယူ နိုင်ခဲ့သော်လည်း အသက် ၁၇ နှစ် အရွယ် လန်းနာ့သ်ကားလ်က ဘိုင်ယန်မြူးနစ်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ ဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်းတွင် အာဆင်နယ် အသင်းက ဂိုးရရှိနိုင်သည့် အခွင့် အရေးဖန်တီးမှု ခြောက်ကြိမ်နှင့် အတူ ဘိုင်ယန်မြူးနစ်အသင်းကို ပွဲချိန်အများစု တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့ပြီး အနိုင်ဂိုး များ သွင်းယူနိုင်ခဲ့သည်။ အာဆင် နယ်အသင်းအတွက် အနိုင်ဂိုးများ ကိုမာဒူကီနှင့် မာတင်နယ်လီတို့က သွင်းယူပေးခဲ့သည်။

**အဆင့်(၃)တွင် ရပ်တည်**

အာဆင်နယ် အသင်းသည် ယခုအနိုင်ပွဲကြောင့် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် ငါးပွဲကစားပြီး ငါးပွဲ စလုံး နိုင်ပွဲရရှိကာ ရမှတ် ၁၅ မှတ် ဖြင့် အမှတ်ပေးဇယားကို အမှား အယွင်းမရှိ ဦးဆောင်ထားသည်။ ပြိုင်ဘက်ဘိုင်ယန်မြူးနစ်အသင်း က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမ ဆုံး ရှုံးပွဲကြုံတွေ့ခဲ့ပြီး ရမှတ် ၁၂ မှတ်ဖြင့် အဆင့် (၃) တွင် ရပ်တည် နေသည်။

အခြားနာမည်ကြီးပွဲစဉ်ရလဒ် များတွင် အက်သလက်တီကိုမက် ဒရစ်က အင်တာမီလန်အသင်းကို နှစ်ဂိုး– တစ်ဂိုး၊ ပီအက်စ်ဗွီက နာမည်ကြီး လီဗာပူးကို လေးဂိုး– တစ်ဂိုး၊ ရီးရဲမက်ဒရစ်က အိုလံ ပီယာကော့စ်ကို လေးဂိုး– သုံးဂိုး၊ ပီအက်စ်ဂျီက စပါးကို ငါးဂိုး– သုံးဂိုး၊ စပို့တင်းက ကလပ်ဘရုဂေး အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

## တိုင်ဖွန်းမုန်တိုင်း အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ကိုတို” (KOTO) သည် အနောက်ဘက်သို့ ဖြည်းညင်း စွာရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်း“ကိုတို”သည် အနောက်– အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား စတင်ချိပ်ပိတ်သိမ်းဆည်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများ၊ ဟိုတယ်များနှင့် ကေတီဗွီများဖြစ်သော တစ်ထပ် အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၁ လုံး၊ သုံးထပ်အဆောက်အအုံ ၄၂ လုံး၊ ခုနစ်ထပ်အဆောက်အအုံ တစ်လုံး၊ ကိုးထပ်အဆောက်အအုံ နှစ်လုံးနှင့် ၁၇ ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၅၉ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ဖုန်းမျိုးစုံ အလုံး ၁၂၀၊ ကွန်ပျူတာ




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park အတွင်း အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု။




KK Park နယ်မြေအပိုင်း(၃) တွင် တရားမဝင် ဆောက်လုပ်ထားသည့် သုံးထပ်အဆောက်အအုံ (၂၇-၁၁-၂၀၂၅)။




KK Park နယ်မြေအပိုင်း(၃) တွင် တရားမဝင် ဆောက်လုပ်ထားသည့် ငါးထပ်တိုက် လူနေအဆောက်အအုံ (၂၇-၁၁-၂၀၂၅)။



အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိ ကွန်ပျူတာများ တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ခုနစ်ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် တစ်ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြဝတီ–မွဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း (၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံး အနက် ယနေ့အထိ ၁၀၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၅၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

မျိုးစုံ ၂၂ လုံးနှင့် အသုံးအဆောင်ပစ္စည်းများကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၀၉ လုံးကို တွေ့ရှိရပြီး အဆိုပါ အဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ယနေ့တွင် စတင်ဆောင်ရွက်ကြရာ အဆောက်အအုံ ၂၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်းအလုံး ၂၁၈၇၀၊ starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၁၉၅ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

## လွှဲပြောင်းပေးရန် အသင့်ဖြစ်နေ

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

## ပေါင်းစပ်ညှိနှိုင်း

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရပ်ကွက် / ကျေးရွာအုပ်စုအတွင်း မဲစာရင်းမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စိစစ်

**မော်လမြိုင် နိုဝင်ဘာ ၂၇**

မော်လမြိုင်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင် စာရင်းတိကျမှန်ကန်စေရန် မဲစာရင်းတွင် ပါသင့်သူများ မကျန်ရှိစေရေး အသက် (၁၈) နှစ်နှင့်အထက် စာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရန်အတွက် ရပ်ကွက်/ကျေးရွာများသို့ တစ်အိမ်တက်ဆင်း မဲစာရင်း တိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက် (၁၉)ရပ်ကွက်တို့၌ ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ရပ်ကွက်/ ကျေးရွာများသို့တစ်အိမ်တက်ဆင်းမဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ် တစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ စာရင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့များက လာမည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းရလဒ်မှန်ကန်စေရေးအတွက် ဖွဲ့စည်းထားရှိသည့် ကြီးကြပ်မှု ကော်မတီဝင်များဖြင့် မော်လမြိုင်မြို့ပေါ်ရပ်ကွက်များ၌ စာရင်းကောက်ယူခဲ့ကြသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ရေးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်

**ရေး နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများအလိုက် မဲဆန္ဒရှင် စာရင်းမှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့တို့က ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး ကွင်းဆင်းဆောင်ရွက်ပေးမှုကို မြို့နယ်(ခေတ္တ) တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များက ကြည့်ရှုပြီး ရပ်ကွက်/ကျေးရွာအလိုက် ကြီးကြပ်တာဝန်ခံဌာနဆိုင်ရာများက တိုက်ဆိုင်စစ်ဆေးခြင်းနှင့်ပတ်သက်၍ တင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



**မင်းမင်း (ပြန်/ဆက်)**

## ကျေးသီးမြို့၌ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် ရပ်ကွက် / ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**ကျေးသီး နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျေးသီးမြို့နယ်၌ တတိယပိုင်းအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများလုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ ဖွင့်လှစ်၍မဲရုံအဖွဲ့ဝင်များက ဆောင်ရွက်ရမည့် တာဝန်နှင့်လုပ်ပိုင်ခွင့် အခြေအနေများ၊ မဲရုံအတွင်း အသုံးပြုရမည့် လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေပါပုံစံများအား ပို့ချဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ကျေးသီး(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိဘိန်းဖြူ ၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီးတွင် ပြင်ဦးလွင်မှ မန္တလေးဘက်သို့ ကျော်သူထိုက် မောင်းနှင်လာသော TOYOTA DYNA မော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၅၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၃၇၅ ဘီလီယံ) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၈ သန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၆၂ ဘီလီယံ) ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ၎င်းဒေသတန်ဖိုးငွေကျပ် ၈ ဒသမ ၉၉၅ ဘီလီယံတန်ဖိုးရှိမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၇ ရက် နံနက် ၁၁ နာရီခွဲတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ အောင်ကြည်ကို မတ္တရာမြို့နယ် ကပိုင်ကျေးရွာ၌ လည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်မြိုင်(ခ)ကျော်ကြီး ကို အမရပူရမြို့နယ် မြစ်ငယ်တံတားအနီး၌ လည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဝေယျာစိုး(ခ)ကိုတိုးကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၁)၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။




ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို သယ်ဆောင်ခိုင်းသူမှာ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၁)နေ မောင်ငယ်(ခ)စိုင်းမောင်ငယ် (ဖမ်းဆီးရန်ကျန်) ဖြစ်ပြီး နောင်ချိုမြို့နယ်မှ မန္တလေးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်မြို့၌ ကျောင်းအခြေပြု သဘာဝဘေးအသိပညာပေး

**ပြည် နိုဝင်ဘာ ၂၇**

ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်၍ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးဌာနနှင့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်မှုဖြင့် ယမန်နေ့က ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအခြေပြု သဘာဝဘေးအသိပညာပေးဟောပြောပွဲနှင့် ငလျင်ဘေး သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြည့်ရှုအားပေးပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်နှင့် သိမှတ်ဖွယ်ရာအကြောင်းများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဆွေးနွေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ငလျင်ဘေးဖြစ်ပေါ်မှုအပေါ် တုံ့ပြန်ဆောင်ရွက်နည်းအဆင့်ဆင့်ကိုလည်း လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



တပ်ကုန်းမြို့နယ်ရှိ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်နှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေးစဉ်။ တင်စိုးလွင်



ငဖဲမြို့မဈေး၌ မီးဘေးကာကွယ်ရေးအတွက် နိုဝင်ဘာ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးဦးထွန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များက ဈေးရောင်းဈေးဝယ်ပြည်သူများအား မီးဘေးကာကွယ်ရေးအသိပညာပေးပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးနှင့် လုပ်ငန်းရှင်များမီးဘေးကင်းဝေးစေရေးအတွက် နိုဝင်ဘာ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ဈေးဆိုင်များအား မီးဘေးကာကွယ်ရေးစစ်ဆေးစဉ်။ ဆန်းကိုကို(ပြန်/ဆက်)

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၉ -၁၁ -၂၀၂၅ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ်(၄၈) တွင် ယုန်ဘိုးဘိုး၏ စကားကို ယုန်အပေါင်းတို့နားထောင်ကာစုပေါင်း၍ မြေခွေးယုတ်ကို အောင်နိုင်ခဲ့သည့်အကြောင်းကို သရုပ်ဖော်ထားသည့် “သတိရှိပါ” မျက်နှာဖုံးကာတွန်း၊ ဒိန်ချဉ်သည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိမည့်အကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် “ဒိန်ချဉ်နဲ့ ကျန်းမာရေး” သုတဆောင်းပါးကဏ္ဍ၊ ဆရာမ၏ ဆုံးမစကားကြောင့် မြဂျိုးမှာ ကြိုးစားအားထုတ်ခဲ့၍ အောင်မြင်မှုရရှိသွားသည့်အကြောင်း သရုပ်ဖော်ထားသည့် “မြဂျိုးနှင့် ဘက်စုံထူးချွန်ဆု” နှစ်မျက်နှာကာတွန်း၊ ဖခင်နှင့်အတူ အပြေးလေ့ကျင့်ခဲ့သော ထွန်းတောက်မှာ ကျောင်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသွားသည်ကို ရေးသားထားသည့် “အလေ့အကျင့်” ဝတ္ထုကကဏ္ဍ၊ စည်းကမ်းရှိသော ဖိုးထူးနှင့် စည်းကမ်းမရှိသော ပါကျဲတို့အကြောင်း သရုပ်ဖော်ထားသည့် “အပိုအလုပ်” တစ်မျက်နှာကာတွန်း၊ညီမလေးကိုလက်ဆောင်ပေးရန် အုန်းပင်ပုံ ရေးဆွဲသည့် ဖြူဖွေးအကြောင်း သရုပ်ဖော်ထားသည့် “ညီမလေးအတွက်




လက်ဆောင်” နှစ်မျက်နှာကာတွန်း၊ ရှာသားများကို အရာရာစဉ်းစားဆင်ခြင်ကြရန်၊ တွေးတောကြံဆရန်နှင့် သူများပြောတိုင်း မယုံကြရန် ကျောင်းဆရာ ဦးအောင်ကြီးက ပြောကြားထားသည်ကို သရုပ်ဖော်ထားသည့် “ကျောင်းဆရာ စုံထောက်ဦးအောင်ကြီး” နှစ်မျက်နှာကာတွန်း၊ နတ်တော်လတွင် နှင်းများကျပုံ၊ သဇင်ပန်းများ ပွင့်ကြပုံနှင့် စာပေကဏ္ဍအနေဖြင့် တိုင်းပြည်ကိုအကျိုးပြုပုံအကြောင်း ရေးဖွဲ့ထားသည့် “စာဆိုသင်းပျံ့နတ်တော်လ” ကဗျာကဏ္ဍ၊ လေးနှစ်မှတစ်ကြိမ် ကျင်းပရခွင့်ရသည့် သူ့မွေးနေ့ကို သူငယ်ချင်းများက လက်ဆောင်လေးခုပေးသင့်သည်ဟု စနောက်ထားသည့်အကြောင်း သရုပ်ဖော်ထားသည့် “မွေးနေ့လက်ဆောင်” မျက်နှာဝက်ကာတွန်းအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## နောင်ချိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**နောင်ချို နိုဝင်ဘာ ၂၇**

နောင်ချိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၂) အထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းထွေးက ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ ကိုရွှေအောင်သင်းက “လူငယ်နှင့် အနာဂတ်နိုင်ငံတော်” ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်ပြီး စာရေးဆရာက ကျောင်းစာကြည့်တိုက်အတွက် သုတစာအုပ်များနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြိုအင်ဂျင်နီယာသင်တန်းများ စတင်ဖွင့်လှစ်သင်ကြား

**မိတ္ထီလာ နိုဝင်ဘာ ၂၇**

မိတ္ထီလာမြို့နယ် နည်းပညာတက္ကသိုလ် (မိတ္ထီလာ) ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြိုအင်ဂျင်နီယာသင်တန်းများကို နိုဝင်ဘာ ၂၄ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (မိတ္ထီလာ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြိုအင်ဂျင်နီယာသင်တန်းများကို စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝင်ခွင့်ရ ကျောင်းသားကျောင်းသူများအား ဒုတိယပါမောက္ခချုပ်နှင့် သက်ဆိုင်ရာဘာသာရပ် ဌာနမှူးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ပထမနှစ်အတွက် သင်ကြားရမည့် ဘာသာရပ်များ၊ သင်ကြားပို့ချမည့် ဌာနမှူးများနှင့် မိတ်ဆက်ပေးပြီး ကျောင်းစည်းကမ်း၊ အဆောင်စည်းကမ်းများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်

**ရှမ်းပြည်နယ် နိုဝင်ဘာ ၂၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က မန္တလေးလျောင်ဘေးသင့် အာမခံအလုပ်သမားများတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် အာမခံအလုပ်သမားများ၏ အချိန်ပြည့် ပညာသင်ကြားနေသော သား သမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ရှမ်းပြည်နယ် တာဝန်ခံက အမှာစကားပြောကြားပြီး



အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)မှ စက်ရုံမှူးဖြစ်သူ ဦးကျော်မင်းအောင်ထံ သဘာဝဘေး အန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် အာမခံအလုပ်သမား ၆၇၀၄ ဦးအတွက် ငွေကျပ်သန်း ၆၄၂ ဒသမ ၇၄၀ နှင့် အာမခံအလုပ်သမားများ၏ အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာမိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ဖြစ်သည့် အာမခံအလုပ်သမား ၁၄၆၉ ဦး၏ ကျောင်းသားကျောင်းသူ ၂၀၀၃ ဦးတို့အတွက် ငွေကျပ်သန်း ၇၉ ဒသမ ၅၁၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးမှ မဲရုံမှူး၊ ဒုမဲရုံမှူး (ဆင့်ပွား)သင်တန်းဖွင့်

**ဘီးလင်း နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ မဲရုံမှူး၊ ဒုမဲရုံမှူး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အ.ထ.က (ဘီးလင်း) ကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်၊ တရားမဲ့ပြုကျင့်မှုနှင့် ရွေးကောက်ပွဲကာကွယ်ရေးဥပဒေ အကြောင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ မဲစာရင်းစစ်ဆေးသူ၊ ထိန်းချုပ်စက်ကိုင်တွယ်သူ၊ မင်တို့၊ လုံခြုံရေး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲရုံဖြည့်သွင်းရမည့် ပုံစံများ၊ မဲပေးစက်ဆိုင်ရာ လုပ်ငန်းများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်း ဖွင့်လှစ်ရာသို့ ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းပို့ချနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ 99 Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X ၊ Dongfeng Voyah Courage နှင့် Dongfeng Venucia VX6 450 Air အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့ရှိ ဒေသခံပြည်သူ ၆၅၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝင်းအတွင်း အခြေပြု၍ ဒေသခံပြည်သူ ၆၅၂ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၀၊ ခွဲစိတ်ရောဂါ ၈၁ ဦး၊ သားဖွား မီးယပ်ရောဂါ ၁၈ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၁၀၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၇၅ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၈၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ကိုးဦး၊ ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ငပုတောမြို့အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား "အစားအစာနှင့် အာဟာရ" ခေါင်းစဉ်ဖြင့် ကျောင်းကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံ ရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ ဆောင်ရွက် ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ပေါ်တွင် ခွဲစိတ်ကုသမှု ခံယူကြမည့် ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ပေါ်တွင် လိုက်ပါ တာဝန် ထမ်းဆောင်ကြသည့် အရာရှိ၊ စစ်သည်များအတွက် ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်သည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံ ပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါသည်-

၁။ အခုမောနေပြီးတော့ ကျပ်နေလို့ လာပြတာပါ။ ဆရာဝန်ကလည်း ကောင်းပါတယ်တဲ့။ လိုတဲ့ဟာကို အကုန်အားလုံး ပြောတယ်။ ကျန်းမာရေးအနေနဲ့ အငန်ကိုတော့ ရှောင်ပါတဲ့၊ ကျန်တာတော့ ဘာမှမဖြစ်ဘူး။ အထူးကုနဲ့ လာပြရတဲ့အတွက် အကုန်လုံး ကျေးဇူးတင်ပါတယ်။ ရွာမှာလည်း ဆရာမတွေကို တစ်ဆင့် တစ်ဆင့်လက်ဆင့်ကမ်းပြီး ပြောပြတယ်။ အခုလိုလာပြီး ကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေ ဇွဲ ပါးရောဂါကင်းစင်ပြီး အန္တရာယ်ကင်း ဘေးဒုက္ခမကြုံရဘဲ အသက်တစ်ရာကျော်မက ရှည်ကြပြီး မပျက်ဒါန သီလဘာဝနာပွားပြီး လျှင် ဒီနေ့ ဒီရက် ဒီအချိန်က စပြီး ကုသပေးတဲ့ လူငယ်မှန်သမျှ ဘေးမျိုးစုံ ကင်းစင်လွင့်ပျောက်ကြပါစေ။

၂။ ကျန်းမာရေးအခြေအနေက ကျွန်တော့်မျက်လုံး ခွဲမယ်ခင်ဗျ။ နောက်ပြီး လည်ပင်းမှာရှိတဲ့ အကျိတ်လည်း ခွဲမယ်ခင်ဗျ။ မျက်လုံးနဲ့ အကျိတ်နဲ့ဆိုလို့ရှိရင် ဒီအကျိတ်က တော်တော်နာနေတယ်။ ဒီရက်ထဲမှာ ဒီတစ်လ နှစ်လအတွင်းမှာ နာတယ်။ မျက်လုံးကတော့ ဒီညာဘက်မျက်လုံးပဲ မြင်တယ်။ ဘယ်ဘက်မျက်လုံးကတော့ ဝေနေတယ် မမြင်ရဘူး။ ပြရတာတော့ အင်မတန်ကောင်းပါတယ်။ စိတ်လည်း ချမ်းသာတယ်။ ဆက်ဆံရေးလည်းကောင်း၊ အစစအရာရာ လိုလေးသေးမရှိ ပျူပျူငှာငှာ ဆက်ဆံပါတယ်။ အခုမျက်လုံးကို ဒီနေ့ခွဲမယ်ဆိုလို့ရှိရင် သင်္ဘောပေါ်မှာ ခွဲပေးမယ်။ အကျိတ်ကိုတော့ အခုခဏစောင့်ပါတဲ့။ တော်ကြာလို့ရှိရင် အဖြေလာပေးပါမယ်လို့ ပြောပါတယ်။ ခဏတော့ စောင့်ခိုင်းပါတယ်။ ကျွန်တော်လည်း အားကိုးပါတယ်။ စောင့်မှာပါ။ ကျွန်တော့အနေနဲ့ အများကြီးကျေးဇူးတင်ပါတယ်။ အဝေးကနေပြီးတော့ ကျွန်တော်တို့ဒေသကို အခုလိုလာပြီး ကူညီပံ့ပိုးပေးတဲ့အတွက် ပြည်သူအားလုံးနဲ့ ကျွန်တော်တို့က ကျေးဇူးလည်း တင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ ပီတိလည်း ဖြစ်ပါတယ်။

၃။ လက်တွေက ထုံတယ်။ ကျဉ်တယ်။ လေအောင့်တယ်။ အဲဒါကြောင့်လာပြတာပါ။ ဖြစ်တာတော့ကြာပြီ။ မနှစ်တုန်းက လာတုန်းက အမျိုးသားက ဆေးရုံတက်နေတော့ မပြဖြစ်ဘူး။ အခုမှ လာပြတာ။ သူများတွေက ရွာထဲမှာ ဆရာတွေလာတယ်တဲ့။ အဲဒါ သွားပြချင်ရင် ပြလို့ရတယ်။ အဲဒါနဲ့ပဲ လာလိုက်တာပါ။ အကြောတွေ အားနည်းနေတယ်ဆိုပြီးတော့ အစားကို များများစားပေးပါတဲ့။ ဆေးလည်းထိုးပေးလိုက်တယ်။ အဖွဲ့သားတွေအားလုံး လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်။ နောက်ကိုလည်းလာရောက်ပြီးတော့ ကုသပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။ **သတင်းစဉ်**







# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ် စကားမြားကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာရှိ မဟာရုံကျောင်းတိုက်၌ အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၁ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၀၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၃၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၉ ဦး၊ မျက်စိရောဂါ ၃၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၁ ဦး စုစုပေါင်း ဒေသခံပြည်သူ ၄၁၂ ဦး တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံ





ပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

**၁။ အမျိုးသား**

အထက် ကွမ်းခြံကျေးရွာကနေ လာရောက်ပြီးတော့ ဆေးကုသမှုခံယူတာပါ။ ကျွန်တော်ကတော့ အထွေထွေလာပြတာပါ။ အသက်က ၆၀ ကျော်ဆိုတော့ မောတာတို့၊ ဘာတို့ အဲလိုမျိုးပေ့ါ။ လာပြီးကုသပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ သောက်ဆေးတွေ ပေးတယ်။ နောက်ပြီး လိုအပ်တဲ့ဆေးတွေကို ဘယ်နှစ်လ စွဲသောက်ရမယ်၊ အတိအကျ လုပ်ပေးပါတယ်။ နယ်လှည့် ဆေးကုသရေးအဖွဲ့မှာ ပါရဂူတွေကအစ အကုန်လုံး အပြည့်အစုံပါပါတယ်။ အဲဒီအတွက်လည်း လာရောက်ကုသတဲ့သူတွေကနေပြီးတော့ အထူးပဲ အားထားတယ်။ ဘာလို့လဲဆိုတော့ ဟိုကျန်ခဲ့တဲ့ တစ်နှစ်ကျော်ကလည်း ကျွန်တော်တစ်ခါပြဖူးတယ်။ အရိုးအကြောဆရာဝန်ကြီးက ပါရဂူကြီးက ကုပေးလိုက်တာ ချက်ချင်းပျောက်သွားတယ်။ ကျွန်တော် အားကိုးတယ်။ အားထားတယ်။ ဒါကြောင့်မို့လို့ ဒီနှစ်လည်း ဆက်လာပြတာ။ အခုလို လာရောက်ပြီးတော့ ကုသပေးတဲ့ အဖွဲ့သားအားလုံး၊ အရာရှိ၊ အရာခံအားလုံးကိုလည်း အထူးပဲ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ ကိုယ်စား ကျေးဇူးတင်ရှိပါတယ်။

**၂။ အမျိုးသမီး**

အ.ထ.က စကားမြားကပါ။ ကျွန်မကတော့ မျက်စိရောဂါကို လာပြီးတော့ပြတာ ဖြစ်ပါတယ်။ မျက်စိထဲမှာ အစက်အပြောက်ကလေးတွေ့လို့ လာပြီးတော့ ပြတာပါ။ ဆေးတွေပေးလိုက်တယ်။ မျက်မှန်တွေ ပေးလိုက်တယ်။ နီးနီးနားနားနဲ့ ကျေးရွာဘေးနားမှာရှိတဲ့ ရွာသူရွာသားအားလုံးအတွက်လည်း ကောင်းပါတယ်။ ကျန်းမာရေးကုသမှုတွေခံရတဲ့အတွက် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ တကူးတက သွားရမယ့်နေရာကို မသွားရဘဲနဲ့ အိမ်တိုင်ရာရောက်ပဲ၊ တချို့ကျတော့ မသွားနိုင်ဘူး။ အဲလိုမျိုးရောဂါတွေ တအားပြင်းထန်တဲ့သူတွေကျ မသွားနိုင်ဘူး။ အရိုးအကြောပေ့ါ။ အဲလိုမျိုးတွေကျတော့ မသွားနိုင်တဲ့အတွက် သူတို့က လာပြီးတော့ ကုသပေးလို့ ပိုပြီးတော့ ကောင်းမွန်ပါတယ်။ ကျွန်မတို့ရွာကို အခုလို လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသော ရွှေဟောင်းသမိုင်းဝင်ဒေးစွန်ပါစေတီတော်မြတ်ကြီး၌ ဓါတ်လှေကား တပ်ဆင်ရာတွင် ပါဝင်လှူဒါန်းနိုင်ရေး နိဗ္ဗာန်ရည်စူး နှိုးဆော်လွှာ



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာအုပ်စုတွင်တည်ထားကိုးကွယ်သည့် ရွှေဟောင်းသမိုင်းဝင် ဒေးစွန်ပါစေတီတော်မြတ်ကြီးသို့ ဘုရားဖူးပြည်သူများ ဖူးမြော်ရာ၌ အတက်အဆင်းမတ်စောက်သဖြင့် သက်ကြီးရွယ်အိုများ၊ ရဟန်းရှင်လူပြည်သူများ လွယ်လင့်တကူ တက်ရောက်ဖူးမြော်နိုင်ရေး ဓါတ်လှေကား ဆောက်လုပ်လှူဒါန်းရန် လိုအပ်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် လှူဒါန်းလိုသည့် ဘုရားဖူးပြည်သူများနှင့် အနယ်နယ်အရပ်ရပ်ရှိ သဒ္ဓါထက်သန်သူ အလှူရှင်များအနေဖြင့် အဆိုပါ ဓါတ်လှေကား တပ်ဆင်ခြင်းလုပ်ငန်းအား တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးရည်မျှော်ကိုး၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောလိပ်စာများ**

| | | | |
|---|---|---|---|
| ၁။ | ဦးမင်းအောင် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၀၉-၆၈၈၈၉၉၀၀၀ |
| ၂။ | ဦးအောင်စိုးမိုး | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၉-၄၀၇၈၇၇၁၁၃ |

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/5777 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/4562 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/8211 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ ဆုပြည့်ရတနာ(၁)လမ်း၊ မြေကွက်အမှတ်(၃၃၄/ခ)ဟုခေါ်တွင်သော မြေအလျား x အနံ(၂၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမောင်ဝင်း (HBE-၀၄၄၂၉၆) ကွယ်လွန်သဖြင့် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် ဇနီး ဒေါ်ငွေမြိုင် (၁၂/လကန(နိုင်)၀၇၀၁၈၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

### အများသိစေရန်အသိပေးကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ (၆)ရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ ကွင်း/အကွက်အမည်-ရေထွက်အနောက်၊ မြေကွက်အမှတ်-၃၀၊ ဧရိယာဧက(၀.၁၀၅)၊ စတုရန်းပေ-၄၅၇၄၊ မြေအမျိုးအစား-H ၊ ဂရန်မှုတွဲအမှတ်- ၃၆၁/၁၉၉၂ ဒေါ်စတီနာ(ခ)ဒေါ်မြအေး အမည်ပေါက်နှစ်(၃၀) မြေငှားဂရန်ပါ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲရင့် (၁၃/တကန(နိုင်)၂၅၈၈၄၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေဖိုးတန်ဖိုးငွေအနက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်အေးအေးသင်း (စဉ်-၅၄၈၆၉) အထက်တန်းရှေ့နေ**
**အမှတ်(၃၂/၁၁၂)၊ ရပ်ကွက်(၄) အောင်သုခလမ်း၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁ဃ၊ အုတ်ကျင်းရွာ)၊ဦးပိုင်အမှတ် (၁၉၉)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေကွက်သည်မူလကဒေါ်မျိုးမျိုးအမည်ဖြင့်(၁၄-၉-၂၀၁၅)ရက်အထိမြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး (၆-၆-၂၀၂၅)ရက်စွဲပါတရားရုံး၏ ဒီကရီအရဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ်(၂၂၈/၂၀၂၅)ဖြင့် ဒေါ်မျိုးမျိုးထံမှဒေါ်လျှိုကြားယောက်အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်လျှိုကြားယောက် (၁/မကတ(ဧည့်)၀၀၀၆၇၈)အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများပြည်သူသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ရာဇမိရာဇ်လမ်း၊ မြေကွက်အမှတ် (ထ/၇၃)၊ မြေပေအကျယ်အဝန်း(၀ဒသမ၀၉၂)ဧကရှိ ဦးဇော်သန်းဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်နွယ်ဥဝင်း (၆/ကသန(နိုင်)၀၀၄၁၉၀)က ယင်းမြေကွက်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၆)၊ ဦးပိုင်အမှတ် ၃၅၈(ခဲစင်း)၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ (၁၂/ခရန(နိုင်)၀၀၁၉၃၈)က အမှုတွဲအမှတ်(၃၇၁၆/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၆)၊ ဦးပိုင်အမှတ် ၂၉၂-က(ခဲစင်း)၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ (၁၂/ခရန(နိုင်)၀၀၁၉၃၈) က အမှုတွဲအမှတ်(၃၇၂၁/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ တိုက်အမှတ် (၁၁၃)၊ အခန်းအမှတ်(၈၀၆)၊ (၈)လွှာ၊ GEMS Condo Tower(4)၊ အကျယ်အဝန်း(၈၉၇)၊ Square Feet ရှိသည့် ကွန်ဒိုနှင့်တကွ ယင်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူမှ ပိုင်ရှင်ဖြစ်သူ ဦးကျော်ထူးနိုင် ၁၂/လသန(နိုင်) ၀၂၁၃၇၈ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာ ကြေညာပါရှိသည့်ရက်မှ ရက်ပေါင်း(၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးဇင်မင်းထက်(LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>(စဉ်-၁၄၃၆၈) | ဦးလင်းဘုန်းမြတ်<br>(LL.B)(D.I.P.L)(D.M.L)<br>တရားလွှတ်တော်ရှေ့နေ<br>(စဉ်-၁၇၃၈၁) |

**အမှတ်(၃၈၈/၃၉၈)၊စတုတ္ထထပ်၊ကမ်းနားလမ်း၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၅၆၆၆၆၃၆၀**

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၆)၊ ဦးပိုင်အမှတ် ၃၀၉(ခဲစင်း)၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ (၁၂/ခရန(နိုင်)၀၀၁၉၃၈)က အမှုတွဲအမှတ်(၃၇၂၀/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/၃၊ (ချယ်ရီဥယျာဉ် အိမ်ရာ)၊ မြေကွက်အမှတ်-၁/ဗ၅၊ ၁/ဗ၆၊ ၁/ဗ၇၊ ၁/ဗ၈၊ ၁/ဗ၉၊ ၁/ဗ၁၀၊ ၁/ဗ၁၁/E၊ Myanmar Economic Development Corporation Public Co., Ltd. အမည်ပေါက် ဧရိယာ (၀.၀၇၅)ဧက၊ အတိုင်းအတာအားဖြင့် အကျယ်အဝန်း (၆၀ပေ x ၅၅ပေ)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို "ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ Myanmar Economic Development Corporation Public Co., Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ်- 116203421 (ယင်းကုမ္ပဏီ၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလွှဲစာရရှိသူ ချင်မိန်စောင်(ခ)ဦးကျော်ဝင်း(ဘ)ဦးအလျှောင် (၁၄/ဟသတ(ဧည့်)၀၀၀၁၁၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ် ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B.,D.B.L.,D.I.L.,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၀၂)**
**အမှတ်-၅၈ ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 6E/9025, Toyota Hiace ယာဉ်လက်ဝယ်ရှိသူ ဦးစန်းသော်တာလမင်းငယ် ၁၂/မဂဒ(နိုင်)၁၂၃၇၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**လှိုင်လင်**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 61W/7990, New Yingxing 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ညို ၉/ပမန(နိုင်)၀၃၀၂၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (ခရိုင်ရုံး)**
**လှိုင်ကော်**

## ဈေးဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခြင်းအား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မန်ဆူဈေးရှိ အောက်ဖော်ပြပါ (၃)ထပ်လူနေဆိုင်ခန်းရှင်မှ ဆိုင်ခန်းအခွန်ထမ်း အမည်လွှဲပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်-

၂။ အထက်ပါ လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင်သာယာရေး ဌာနသို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာသည့်အတိုင်း ဆိုင်ခန်းအခွန်ထမ်းအမည် လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်ခန်းအမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
| ၁ | မန်ဆူဈေး (၃)ထပ် လူနေဆိုင်ခန်း | SHB/2 | ဒေါ်ကြည်ကြည်ဝင်း | ၉/ခအဇ(နိုင်)၀၀၃၇၂၇ | န.မ(၁၄)၊ရ.က(၅)၊လားရှိုးမြို့ | ဒေါ်ယင်းချင် | ၁၃/ကလတ(နိုင်)၀၃၃၂၈၂ | ဗိုလ်ချုပ်လမ်း၊ ခိုလုံရပ်ကွက်၊ ကွမ်းလုံမြို့ |

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ ရွှေအင်ဒုံကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်-၃၃၂၊ ရွှေအင်ဒုံကွင်း၊ ဦးပိုင်အမှတ်-၈/၄၊မြေကွက်အမှတ်-(-)၊ဧရိယာ(၀.၇၇)ဧကရှိမြေအား ဒေါ်ထိုက်ထိုက်ငယ်မှ စက်မှုစီးပွားမြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကန့်ကွက်လွှာ ကြေငြာသည့်ရက်မှ (၁၅)ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဒေါ်ထိုက်ထိုက်ငယ်မှ စက်မှုစီးပွားမြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားခြင်းအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အကြောင်းကြားပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## မွေးသက္ကရာဇ်အမှန်

ဦးလှစိုး (၈/မကန(နိုင်)၀၇၉၆၂၆)၏သမီး၊ မကွေးမြို့၊ ကံ့ကော်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မအိမြတ်မွန်၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၈-၂၀၁၁ ဖြစ်ပါကြောင်း။

**မအိမြတ်မွန်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆၈ယ/၄၆၇၄၂, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၁၃/ကလန(နိုင်)၁၀၈၉၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊အောင်ပန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အထက (၂)မှ မူလတန်းပြ ဆရာမ ဒေါ်နန်းလောဝ်ခမ်း(ခ)ဒေါ်နန်းလောင်ခမ်း(ခ)ဒေါ်နန်းလောင်ဝ်ခမ်း ၅/စကန(နိုင်) ၀၀၉၈၄၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ညောင်ရွှေမြို့၊ မန်ကျီးဆိပ် (ရှေ့)ရွာနေ (ဘ)ဦးကျော်လှ၏သမီး ပန်းအိအိဖြူ ၁၃/ညရန(နိုင်)၁၃၄၅၅၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၁၈၈၇၁၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ်(၇၇/နန်းကွေ့ ဗဟိုခြံ)၊ ဦးပိုင်အမှတ်(၁၉၀၈/ဃ)၊ မြေဧရိယာ (၀.၁၁၅) ဧကကို မူလကဦးတင်မောင်ဆွေအမည်ဖြင့် (၂၁-၂-၂၀၃၅)ရက်ထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ ဦးတင်မောင်ဆွေသည် (၂၅-၁၁-၂၀၂၄)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခိုင်ဆုသွေးမှ (၂၁-၆-၂၀၂၅)ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၂၆၁/၂၀၂၅)အရ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းတင်ပြထားပြီး၊ (၁၁-၉-၂၀၂၅)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၃၄၅/၂၀၂၅)အရ ဒေါ်ခိုင်ဆုသွေးထံမှ ဒေါ်ခင်မြင့်မြတ်သိမ့်အမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ခင်မြင့်မြတ်သိမ့် (၁၃/ရစန(နိုင်)၀၇၂၁၈၀) အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ စက်မှုဇုန်၊ နယ်မြေ-၂၊ အိမ်အမှတ်(၂/၈၂)နေ မောင်စိုးသူရနိုင် တောင်ကြီးတက္ကသိုလ်(အဝေးသင်) စတုတ္ထနှစ်(ဇီဝ)၊ မောင်စိုးသီဟနိုင် တောင်ကြီးတက္ကသိုလ်(အဝေးသင်) ဒုတိယနှစ်(သမိုင်း)၊ မောင်ညာဏ်ထွန်းအောင် Grade-12 အထက (စက်မှုဇုန်)တို့၏ဖခင် အဒူကရင်း (ခ)ဦးစိုးဝင်း ၁၃/တကန(နိုင်)၁၃၅၂၆၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

အထက (၁) ပန်းဘဲတန်း Grade (5)မှ မသွယ်သွယ်ဟန်၏ (ဖခင်) ဦးအောင်မျိုးလင်း(ခ) ဦးသန်းဝင်းအောင် ၁၂/ဒလန(နိုင်) ၀၉၀၆၁၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မျိုးလင်း(ခ)**
**ဦးသန်းဝင်းအောင်**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ တိုက်အမှတ်(၃၁/၈၇)၊ အခန်းအမှတ် (5-F)၊ အကျယ်အဝန်း (၁၀၂၆)စတုရန်းပေရှိ တိုက်ခန်းနှင့် ကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်စန်းစန်းမော် (၁၂/ဒလန (နိုင်) ၀၀၃၈၅၆) နှင့် ဒေါ်သက်ယုခိုင် (၅/ဆလက (နိုင်) ၀၆၀၃၈၃)တို့ထံမှ ကျွန်မ ဒေါ်သီသီနွယ် (၆/သရခ (နိုင်) ၀၇၁၂၉၂)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီသီနွယ် (၆/သရခ (နိုင်) ၀၇၁၂၉၂)
၀၉-၉၆၄ ၄၄၁ ၉၀၀

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ (၂၄)လမ်း၊ လျောင်းစန်တောင် ဘုရားကျောင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၁၀၁) ဟုခေါ်တွင်သောတိုက် အဆောက်အဦး၏ အခန်းအမှတ်(ဒုတိယထပ်)၊ အကျယ်အဝန်း(၁၂ပေ ၆လက်မ x ၅၀ပေ)ရှိ ဦးကျိုင်းလုံးဆန်း(Long San) (၁၂/လသန(နိုင်)၀၁၁၃၄၃)အမည်ပေါက် တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်တို့အား အဆိုပါအမည်ပေါက်သူ ဦးကျိုင်းလုံးဆန်း (Long San) (၁၂/လသန(နိုင်)၀၁၁၃၄၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးနိုင် (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃)
အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉- ၂၅၀၂၉၀၇၈၁၊ ၀၉- ၇၉၅၆၃၁၉၀၀

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ကျွန်းရွှေဝါလမ်းနှင့် ယင်းမာလမ်းထောင့်၊ မြေကွက်အမှတ် (၉၃၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်မြင့်မြင့်မော် (၁၂/တမန (နိုင်) ၁၀၀၉၀၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်မော် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးဇော်ထွန်းအောင် | ဦးကျော်စိုးဦး |
|---|---|
| LL.B, D.B.L, D.M.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

ဖုန်း- ၀၉ ၇၇၇ ၇၁၁ ၃၀၈ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/85354 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်မြ ၇/အတန(နိုင်)၀၁၅၁၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## စာအုပ်စာပေ

## လှူမိတ်ဆွေ

## အမည်မှန်

ဦးဖြိုးသူကျော် ၉/မထလ(နိုင်)၂၅၁၈၀၁၀၏သမီးမင်းဘူး(စကု)မြို့နယ် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)တပ်မင်းဘူးကျောင်း Grade-2 မှ မသက်မှူးချယ်၏အမည်မှန်မှာ မသော်တာပြည့်ဖြိုး ဖြစ်ပါကြောင်း။

**မသော်တာပြည့်ဖြိုး**

## မွေးသက္ကရာဇ်အမှန်

ပဲခူးမြို့၊ မြို့သစ်(ဃ)ရပ်ကွက်၊ (၄)လမ်းနေ (ဘ) ဦးတင်ဝင်း ၏သမီး ဒေါ်လှဝင်းရီ ၁၄/လပတ(နိုင်)၁၂၄၄၂၅ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၅-၁၉၈၁) ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆)၊ ဦးပိုင်အမှတ်(၃၃၃+၃၇၂+၃၅၀/၁+၃၅၀/၂+၃၅၁+၃၅၅+၃၅၆ယဉ်တော် ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်) ၀၀၁၉၃၈)က အမှုတွဲအမှတ် (၃၇၂၄/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆)၊ ဦးပိုင်အမှတ် ၂၉၂+၃၂၁+၃၂၂ အတွင်းမှ (၂၉၂) ခဲစင်း ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း၊ အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd.၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈) က အမှုတွဲအမှတ် (၃၇၂၈/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

လားရှိုးတက္ကသိုလ် သတ္တဗေဒ စတုတ္ထနှစ်တွင် ပညာသင်ကြားနေသော 4-သတ 16 မထက်ထက်အောင် ၏ဖခင်အမည်မှန်မှာ ဦးစိန်ထွန်းရီ ၁၃/နစန(နိုင်)၀၀၆၈၇၄ ဖြစ်ပါကြောင်း။

**ဦးစိန်ထွန်းရီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/37148 ယာဉ်လက်ဝယ်ရှိသူ ဦးထက်အောင်ရှိုင်း ၇/တငန(နိုင်)၂၂၆၆၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တတိယအကြိမ် Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်သော တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်တံတားအမှတ်(၁) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် အသုံးပြုရန် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ သည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် (၂၈-၁၁-၂၀၂၅) ရက်မှစ၍ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဘုရင့်နောင်တံတား အမှတ်(၂)စီမံကိန်းဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၂၄၈၆၀၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါဖွင့်ပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၂၈ - ၁၁ -၂၀၂၅ ရက် |
| **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | - | ၁၂-၁၂-၂၀၂၅ ရက် |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန်** | - | ၁၅-၁၂-၂၀၂၅ ရက်၊ တနင်္လာနေ့၊ နံနက်(၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေးအဖွဲ့(၄)၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |

**တင်ဒါကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆)၊ ဦးပိုင်အမှတ် (၂၉၂+၃၂၁+၃၂၂)ခဲစင်း ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈)က အမှုတွဲအမှတ် (၃၇၃၂/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃-ခ၊ မြေမြင့်ရပ်)၊ ဦးပိုင်အမှတ် (၅၆/၁)၊ မြေဧရိယာ (၀.၁၆၅) ဧကရှိမြေကွက်သည် မူလကဒေါ်ဝါဝါအုန်းအမည်ဖြင့် (၃၀.၆.၁၉၉၉)ရက်နေ့အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး (၆-၆-၂၀၂၅) ရက်စွဲပါ တရားရုံး၏ ဒီကရီအရ ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ် (၂၂၇/၂၀၂၅)ဖြင့် ဒေါ်ဝါဝါအုန်းထံမှဦးပိုင်(၅၆/၁-ခ)၊ မြေဧရိယာ (၀.၀၇၀) ဧကအပိုင်းကို ဦးလဖိုင်ဇော်တောင်၊ ဒေါ်လုမိုင်(ခ)ဝဒုလုမိုင်တို့အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးလဖိုင်ဇော်တောင် (၁/မကန(နိုင်)၁၉၅၁၆၁)၊ ဒေါ်လုမိုင်(ခ)ဝဒုလုမိုင် (၁/အဂယ(နိုင်)၀၀၁၅၂၃)အမည်ဖြင့် ဦးပိုင်ခွဲ၊အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ဂရန်အမှုတွဲအမှတ် (၉၃၀/၁၉၉၂)၊ အကွက်အမှတ်- ၁၇၊ အကွက်အမည်-နောင်အင်အနောက်မြောက်၊ မြေကွက်အမှတ်-၃၃၊ ဧရိယာ-၀.၁၀၄ ဧကရှိမြေကွက်ကို ဂရန်အမည်ပေါက်သူ ဦးသိန်းငွေထံမှလည်းကောင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ဂရန်အမှုတွဲအမှတ် (၁၆၅၁/၁၉၉၁)၊ အကွက်အမှတ်-၁၇၊ အကွက်အမည်- နောင်အင်အနောက်မြောက်၊ မြေကွက်အမှတ်-၃၂၊ ဧရိယာ-၀.၁၁၀ ဧကရှိမြေကွက်ကို ဂရန်အမည်ပေါက်သူ ဦးတင်စိုးထံမှလည်းကောင်း၊ ကျွန်မ ဒေါ်နုနုထွေးက "နှစ်ဦးသဘောတူ အိမ်/ခြံမြေကွက်အရောင်းအဝယ်စာချုပ်" ချုပ်ဆိုလျက် ဝယ်ယူလက်ဝယ်ထားရှိခဲ့ပါသည်။ ယခုအချိန်တွင် ယင်းမြေကွက်များနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်မက အပြီးအပိုင် လွှဲပြောင်းဝယ်ယူထားပြီးဖြစ်သည့်အတွက် ဦးသိန်းငွေ၊ ဦးတင်စိုးတို့အနေနှင့် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ခြင်းကိစ္စကို ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကလည်း ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ဦးသိန်းငွေ၊ ဦးတင်စိုးတို့အနေနှင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ခြင်းကိစ္စကို ဆောင်ရွက်ပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ အခြားသူများမှ ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိလျှင်သော်လည်းကောင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်နုနုထွေး**
**အမှတ်(၁၀၃)၊နှင်းဆီလမ်း၊ ပြည်တော်သာရပ်ကွက်၊**
**တောင်ကြီးမြို့**

## ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ UPL Limited (United Phosphorus Ltd), India မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါဆေးများအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Arysta LifeScience Co.,Ltd. မှ Titan Agro Science Co.,Ltd သို့ ဖြန့်ဖြူးသူအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်–

| Brand Name | Active Ingredients | Registration No. |
|---|---|---|
| Lancer 75 SP | Acephate 75% SP | FF 2022 – 842 |
| Mallet | Imazethapyr 24% SL | F 2018 – 1711 |
| Vajra | Lambda – cyhalothrin 2.5 EC | F 2017 – 1271 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက် ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Myanmar Arysta LifeScience Co.,Ltd.**
**Suite # 09 – 02, Crystal Tower, Kyun Taw Road,**
**Kamayut Township, Yangon ဖုန်း–01–9339359, 9339360**

## ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ UPL Vietnam Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ဆေးအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Arysta LifeScience Co.,Ltd. မှ Titan Agro Science Co.,Ltd သို့ ဖြန့်ဖြူးသူအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်–

| No. | Brand Name | Active Ingredients | Registration No. |
|---|---|---|---|
| 1. | Evito – T 480 SC | Fluoxastrobin 200.2 g/l + Tebuconazole 277.4 g/l SC | F 2023 – 2792 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Myanmar Arysta LifeScience Co.,Ltd.**
**Suite # 09 – 02, Crystal Tower, Kyun Taw Road , Kamayut Township, Yangon, 01 – 933 93 59, 933 93 60**

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ ၅၁x၅၂ လမ်းကြား၊ ၁၀၈x၁၀၉လမ်းကြားနေ ဦးအုန်းလဲ၏သားဖြစ်သူ တပ်ကြပ် လဲအုန်း (MTD-၀၄၂၈၁၂) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးခိုင်လွင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၀)၊ ဦးပိုင်အမှတ် (၃၈)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကေ အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖြန့်ဖြူးသူပြောင်းလဲကြောင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Arysta LifeScience India Limited မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါဆေးအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Arysta LifeScience Co.,Ltd. မှ Titan Agro Science Co.,Ltd သို့ ဖြန့်ဖြူးသူအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်-

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| Brand Name | Active Ingredients | Registration No. |
|---|---|---|
| Pluto 80 WP | Sulphur 80% WP | F 2017 – 1629 |

Myanmar Arysta LifeScience Co.,Ltd.

Suite # 09–02 , Crystal Tower, Kyun Taw Road, Kamayut Township, Yangon, 01-9339359, 9339360

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၁)၊ ဦးပိုင်အမှတ်(၄-ဒ)၊ ဧရိယာ (၀ ဒသမ ၀၂၄၈)ဧကေ အကျယ် အဝန်းရှိ ဦးကျန်ဟိန်း (ခ) ဦးဇော်ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ RC(၃)ထပ်ခွဲတိုက်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှယ်ဂရောင် (ဘ) ဦးဖော်ယမ်လှမှ ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ဤကြေညာပါသည့်ရက်မှ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ-ဒေါ်ရွှယ်ဂရောင် (ဘ)ဦးဖော်ယမ်လှ

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်စုစုဟန် (LL.M, D.B.L)** | **ဒေါ်ချစ်ချစ်လွင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၂၃ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၄၈)** |
| **၂၄လမ်း၊ ၈၈x၈၉လမ်းကြား၊ သီရိမာလာ** | **နှမ်းကြဲကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊** |
| **အရှေ့ရပ်၊ အောင်မြေသာစံမြို့နယ်၊** | **မန္တလေးမြို့၊ ဖုန်း-၀၉-၂၅၉၃၃၈၈၅၉** |
| **မန္တလေးမြို့၊ ဖုန်း-၀၉-၇၉၇၁၈၇၂၃၁** | |

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/8515 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/50393, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုဝင်း ၅/အတန(နိုင်) ၀၀၄၇၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/99987 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၉/မရတ(နိုင်) ၁၁၂၇၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/75473 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/2497 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/3491 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၂)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၀x၆၀Aလမ်းကြား၊ ၁၂၆x၁၂၇လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၈၇၆/၉၀-၉၁)အရ ဦးအောင်ညွှန့် ၉/အမရ(နိုင်)၀၄၇၁၁၉ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးခိုင်စိုးဦး ၉/မဟမ(နိုင်)၀၃၄၆၀၇ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ခခ-၉၊ ဦးပိုင်အမှတ် ၄၁/ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက၊ ၆၀x၆၁ လမ်းကြား၊ ၁၃၀x ၁၃၁ လမ်းကြားရှိ မြေကွက်အား နေရာချထားပေးခြင်းခံရသူ ဦးစံငွေး ၉/မနတ(နိုင်)၀၇၀၁၇၀၊ သစ်စာရင်းကိုင်(၂)၊ မြန်မာ့သစ်လုပ်ငန်း(ရောင်း၊စက်)/ (က)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန် သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာနေ မဝင်းအိန္ဒြေထွန်း၏မိခင် ဒေါ်နုနု(ခ)ဒေါ်နူနူ ၁/မညန(နိုင်)၀၀၉၆၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နုနု(ခ)ဒေါ်နူနူ**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်နေ (ဘ)ဦးငြိမ်းမောင်၏သမီး မခင်စန်းရင် ၈/မကန(နိုင်)၀၂၆၅၈၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၈-၁၉၆၄ အမှန် ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဦးခင်မောင်ရီ၏သား ကျွန်တော်မောင်အောင်ထက်မောင်ရီ ၁၂/မရက(နိုင်)၁၇၂၆၀၉ ၏ သင်္ဘောသားနိုင်ငံကူးလက်မှတ် (MI-518058)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၆၉၇၉၃၅၉**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ မြို့မရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ကြပ်ကြီး အောင်ထူး(ဘ)ဦးဌေးအောင် ၁၃/ဖခန(နိုင်)၀၁၀၅၁၈ ၏ ကျောင်းဝင်အမှတ်-၁၄၉၅၁ အရ ရဲတပ်ကြပ်ကြီး အောင်ထူး၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၃-၁၉၆၅)ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၄/၁၊ ရွှေအိုက်)၊ ဦးပိုင်အမှတ်(၉၉၀)၊ မြေဧရိယာ(၀.၂၃၀)ဧကရှိမြေကွက်အား မူလက ပြည်ခိုင်ဖြိုးရုံးအမည်ဖြင့်လည်းကောင်း၊ ဦးပိုင်(၉၈၇)၊ မြေဧရိယာ(၀.၂၃၀)ဧကရှိ မြေကွက်အား ဒေါ်အေမီလှိုင်အမည်ဖြင့်လည်းကောင်း ယာယီလိုင်စင်မြေပေးမိန့်အသီးသီးရရှိထားသော မြေကွက်များဖြစ်ပြီး၊ ဦးပိုင်(၉၉၀)၊ မြေဧရိယာ(၀.၂၃၀)ဧကအပိုင်းကို ပြည်ခိုင်ဖြိုးရုံးတာဝန်ခံဦးစိုးသိန်းထံမှ ဦးခင်မောင်စော၊ ဒေါ်ရွှယ်အောင်တို့က (၂၁-၃-၂၀၁၂)ရက်တွင်လည်းကောင်း၊ ဦးခင်မောင်စော၊ ဒေါ်ရွှယ်အောင်တို့ထံမှဒေါ်အေမီလှိုင်က (၁၃-၇-၂၀၂၂)ရက်တွင် အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့်လည်းကောင်း အသီးသီး ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဦးပိုင်(၉၈၇+၉၉၀)၊မြေဧရိယာ(၀.၄၆၀)ဧကအား ဒေါ်အေမီလှိုင် ၁/မကန(နိုင်)၀၇၅၄၅၅ အမည်ဖြင့် ဦးပိုင်ပေါင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၂၃၊ အောင်နန်းရိပ်သာရပ်)၊ ဦးပိုင်အမှတ် (၁၀၂/ခ)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေကွက်သည် မူလက ဒေါ်တုတ်တုတ်၊ ဦးတင်ရွှေ၊ ဒေါ်တိုးတိုးကြည် အမည်ဖြင့် (၅-၁၂-၂၀၂၆)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ(၃)ဦးအနက် ဦးတင်ရွှေမှာ(၂၉-၄- ၂၀၂၃) ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်လပွေးရွှယ်ဂျီးမှာ (၂၈-၆-၂၀၂၃)ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် သားသမီးထွန်းကားခဲ့ခြင်း မရှိသဖြင့် ဒေါ်တုတ်တုတ်၊ ဒေါ်တိုးတိုးကြည်တို့ထံမှ ဒေါ်တင်မာငြိမ်း၊ ဒေါ်သန္တာငြိမ်းတို့က(၇-၇-၂၀၂၅)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၂၄၃/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်တင်မာငြိမ်း ၁/မကန(နိုင်) ၁၁၉၁၁၈၊ ဒေါ်သန္တာငြိမ်း ၁/မကန(နိုင်)၁၀၂၂၆၂အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ချမ်းသာရပ်၊ အနောက်မြို့ပတ်လမ်း၊ အိမ်အမှတ်(၁၀၀)နေ ဦးသန့်လှိုင် (KTG ၀၀၂၃၁၄) နှင့် ဒေါ်မလေး(ခ)မမေပြုံး (KTG ၀၀၂၃၁၇)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တောင်ကြီးမြို့၊ ချမ်းသာရပ်၊ အကွက်အမှတ် (၃၅)၊ အကွက်အမည် (မြို့မရပ်)၊ ဦးပိုင်အမှတ် (၂၆၄)၊ မြေကွက် အမှတ် (403)၊ ဧရိယာ (၀.၀၆၆)ဧကရှိ အိမ်မြေဥပစာကို ဒေါ်ထားကြည်နှင့် ဒေါ်ထားရီတို့က ဂရန်အမှုတွဲအမှတ် (၆၆/၁၉၇၇)ဖြင့် အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့၏ အမွေဆက်ခံသူများဖြစ်ကြသော ဦးသန့်လှိုင် (KTG ၀၀၂၃၁၄) နှင့် ဒေါ်မလေး(ခ)မမေပြုံး (KTG ၀၀၂၃၁၇) တို့က တောင်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာစာချုပ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက် လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်များထံသို့ဖြစ်စေ တရားဝင်စာရွက်စာတမ်း အထောက်အထား အစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထွန်း(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၁၃၁)**
**ရုံးခန်း - အမှတ်(၁၀၃)၊ မြေညီထပ်၊ (၅)ထပ်တိုက်၊ မြောက်ကျောင်းလမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း - ၀၉-၄၅၀၀၄၁ ၁၃၂**

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်၊ အကွက်အမှတ်(၂၃-ခ)၊ အကွက်အမည် ကြောင်ငယ်ကွင်း၊ ဦးပိုင်အမှတ်(၁၃၈)၊ ဧရိယာ(၀ဒသမ၀၅၆)ဧကရှိ ဘိုးဘပိုင်မြေ အမည်ပြောင်းပေးရန် ဦးအောင်လှိုင် ပါ (၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ မြိတ်တောင်ကျေးရွာအုပ်စု၊ အေးချမ်းသာယာရပ်၊ ရတနာလမ်းရှိ ကွင်းအမှတ် (၂၃၈)၊ ဦးပိုင်အမှတ်(၂၀/၃၆၁)ဟုခေါ်တွင်သော အလျား ၆၀ပေ၊ အနံ (၃၀)ပေရှိ မြေကွက်၏ အကျိုးခံစားခွင့်ရှိသူ ဦးဇော်ဟို-ဒေါ်ငွေကြည်တို့ထံမှ မြိတ်မြို့၊ ကန်ဖျားရပ်၊ အမှတ်(၅၉)နေ ဒေါ်ဝင်းဝင်းမြင့် ၆/မအရ(နိုင်) ၀၀၇၂၅၆က ၈-၂-၂၀၂၂ရက်တွင်လက်ဝယ် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အား သက်ဆိုင်ရာဌာနတွင် ယခင်အမည်ပေါက်သူ ဒေါ်ငွေကြည်အမည်မှ ဒေါ်ဝင်းဝင်းမြင့်အမည်သို့ အမည်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁) လအတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းလဲလျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းမြင့်**
**ကန်ဖျားရပ်၊ မြိတ်မြို့၊ ဖုန်း-၀၉-၇၈၃၅၃၂၇၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀.၀၇၂)ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဒေါ်ခင်မျိုးမြင့်၉/ပမန(နိုင်)၀၄၆၀၇၀ မှ အရောင်းအဝယ်စာချုပ်အမှတ်(၇၈/၂၀၀၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ခင်စိုးအေး၊ ၉/ပမန(နိုင်)၁၅၀၃၂၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -(၁၀ စီ) လူနေရပ်ကွက် အမှတ် - ရွာမ၊ မြေကွက်အမှတ် -(၂၅/ခ)၊ ဧရိယာ (၀. ၁၃၀) ဧကရှိ(လ/န၃၉)မြေပိုင်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ် - (၂၅/ခ)ဟုခေါ်တွင်သော (၂)ထပ်တိုက် နေအိမ်(၁)လုံး ပါဝင်သည့် အိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန်**

အထက်ခေါင်းစဉ်ပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ယင်းအိမ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခိုင်ဝင့်မြတ်(၁၂/လသန(နိုင်) ၀၁၈၀၉၅)နှင့် ဒေါ်နှင်းဝင့်လွင် (၁၂/အစန(နိုင်)၁၉၀၁၆၄) တို့မှ အမည်ပေါက် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းပါသောကြောင့် ကျွန်ုပ်တို့မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက် အောင်မြင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နန့်စန္ဒာဝင်း (ဥပဒေဘွဲ့)** | **ဒေါ်နော်ဝင်းသန္တာဖေါ(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၆၃၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၆၁၂၄)** |

**အင်းစိန်စုပေါင်းရုံးဝင်း၊ ရန်ကုန်မြို့၊**
**ဖုန်း ၀၉- ၇၉၉၇၇၆၅၄၄၊ ၀၉ - ၂၆၂၃၉၇၁၆၉**

## အများသိစေရန် ကြေညာခြင်း

ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၊ အမှတ်(၁/၅၀၀)နေ ဦးရဲမြင့် ၉/မခန(နိုင်)၀၂၂၅၀၄၊ ဒေါ်လေးရီ၅/ကသန(နိုင်)၀၀၃၂၇၆တို့၏သားကိုအောင်ရဲဇော် ၁/ကမန(နိုင်)၀၅၃၀၀၁မှာ မိဘ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘဖြစ်သူများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲအောင် အမြဲတစေ ပြုမူဆောင်ရွက်နေ၍ ကိုအောင်ရဲဇော်အား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပြီး ကိုအောင်ရဲဇော်နှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့်ကိုယ်ရေးကိုယ်တာ ကိစ္စရပ်အဝဝနှင့် ငွေရေးကြေးရေး ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် ကိုအောင်ရဲဇော်အား မိဘဖြစ်သူများမှ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ ရှိအိမ်အမှတ် (၁/၁၂၆)၊ ဦးပိုင်အမှတ်(၈၅)၊ ဧရိယာ (၀ဒသမ၁၈၂)ဧကပေါ်ရှိဆောက်လုပ်ထားသော (၈)ခန်းတွဲ အဆောက်အအုံ (၂)လုံးနှင့် (၆)ခန်းတွဲ အဆောက်အအုံတို့အား မေတ္တာဖြင့် ပေးကမ်းထားသော်လည်း၊ အဆိုပါ ပေးကမ်းထားသည့်ပစ္စည်းများအား မိဘများအနေဖြင့် ပေးအပ်ရန် ဆန္ဒမရှိတော့သဖြင့် ကိုအောင်ရဲဇော်အား မေတ္တာဖြင့် ပေးကမ်းထားသည့် အဆောက်အအုံ များကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရဲမြင့်၊ ဒေါ်လေးရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးဝေဦး**
**LL.B,DL 101,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၆)(၂၉-၆-၂၀၁၈)**
**လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၂၀၁၈၄၃၉၁၊ ၀၉-၇၉၄၂၇၆၂၉၁**

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

(၂၈-၁၁-၂၀၂၃)မှ (၂၈-၁၁-၂၀၂၅)

ဘုရား၊ ရဟန်း၊ ကျောင်း၊ ပိဋကတ်(၃)ပုံ၊ အလှူ့ဒါယကာကြီး

**ဦးမင်းဇော်**

ရေယာဉ်မှူးကြီး(ငြိမ်း)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

အသက်(၈၇)နှစ်

၂၈-၁၁-၂၀၂၅(၂)နှစ်ပြည့်

**အလွမ်းနေ့တွေပါ အဖေကြီးရေ.....**

လွမ်းလို့မဝ တမ်းတနေဆဲပါ။ မလွမ်းမိတဲ့နေ့ သတိမရတဲ့အချိန် တစ်ခါလေးတောင်မရှိခဲ့ပါ။ နေ့ရက်တွေ ဘယ်လောက်ကြာကြာ နှစ်တွေဘယ်လိုပြောင်းပြောင်း ရှင်သန်နေသမျှ ကာလပတ်လုံး သတိရလျက်ပါ။ ဘဝတစ်သက်တာ ဝေးခဲ့ရပေမယ့် ဒီဘဝဒီမျှလောက်ထိမဟုတ်ပါ။ ဘဝအဆက်ဆက်ထိ ချစ်လျက်ပါ။ လွမ်းလျက်ပါ ဖေကြီးရေ။ နေ့စဉ်လစဉ် အဖေကြီးအတွက်ရည်စူးပြီး လှူဒါန်းပေးသော ကုသိုလ်ကောင်းမှုများနှင့် ဒီနေ့ (၂)နှစ်တိတိ ပြည့်တဲ့နေ့မှာ လှူဒါန်းပေးသော ကုသိုလ်ကောင်းမှုများအားလုံး ထပ်တူထပ်မျှ အတူတကွရရန် အမျှပေးဝေပါသည်။ ကောင်းမွန်မြင့်မြတ်သော ဘုံဘဝမှ ကြားနိုင်၊ သိနိုင်၊ မြင်နိုင်ပြီး အမျှရ၍ သာဓုခေါ်ပါ အဖေကြီးရေ....

အမျှ ..... အမျှ ..... အမျှ

လွမ်းဆွတ်သတိရခြင်းများစွာဖြင့်
ချစ်ဇနီးနှင့် သားသမီး၊ မြေး၊ မြစ်များ

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဟာဂျီ ဦးမာမက်ကာစင်

## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာလမ်း၊ အမှတ်(17-B)နေ ဟာဂျီ ဦးမာမက်ကာစင်သည် ၂၆-၁၁-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆း၂၀နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**United Paints Group Co.,Ltd.**

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဟာဂျီ ဦးမာမက်ကာစင်

## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာလမ်း၊ အမှတ်(17-B)နေ ဟာဂျီ ဦးမာမက်ကာစင်သည် ၂၆-၁၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆း၂၀နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**United Can Factory Co.,Ltd.**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၂၅၉)၊ မြေပေအကျယ်အဝန်း (၀ဒသမ ၀၅၅)ဧကရှိ ဦးထွန်းထွန်းဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်မိုးမိုးအေး (၁၂/မရက(နိုင်)၀၀၅၀၅၃) က ယင်းမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ မြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/93003 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၇/ပခန(နိုင်)၁၄၁၅၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/5303 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၇/ဝမန(နိုင်)၀၀၀၇၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/24445 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့် ၇/ညလပ(နိုင်)၀၉၁၀၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဘုရား၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်သက်မူ
### အသက် (၆၆)နှစ်

ပျဉ်းမနားမြို့ ကျွန်းဦးရွာနေ ဦးပါ-ဒေါ်ရွှေတင်တို့၏သမီး၊ ဦးမင်းမော်အေး၏ဇနီး၊ ဦးရန်နိုင်စိုး- ဒေါ်ထက်ဝန်းနန္ဒီအေးတို့၏မိခင်၊ မောင်ကောင်းဝန်းရဲ့သော်၏အဘွား ဒေါ်ခင်သက်မူသည် ၂၆-၁၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁ နာရီ ၂၅မိနစ်အချိန်တွင် ၉၆ ပါးသော ရောဂါဖြင့် Cherry Land Pyin Oo Lwin ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ရုပ်ကလာပ်ကို ၂၈-၁၁-၂၀၂၅ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပြင်ဦးလွင်မြို့ရှိ ၈ မိုင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သက်မူ
### အသက် ( ၆၆ ) နှစ်

သူငယ်ချင်း ဦးမင်းမော်အေး၏ဇနီးဖြစ်သူ ဒေါ်ခင်သက်မူသည် ၂၆-၁၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁ နာရီ ၂၅ မိနစ်အချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၂၅)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## ဦးပြည်စိုးငြိမ်း
### အသက်(၃၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါး (မြောက်)အရပ်နေ ဦးစိုးမြင့်-ဒေါ်စန်းစန်းဝင်းတို့၏ သားလတ်၊ ဦးစိုးထွန်းနိုင်-ဒေါ် မိုးပန်းပွင့်တို့၏ ညီ/မောင်၊ ဦးမျိုးမင်းထွေး၊ ဦးဝင်းအောင်ဖြိုး၊ မဒီဇင်ဘိုတို့၏ အစ်ကိုသည် ၂၃-၁၁-၂၀၂၅ရက် (တနင်္ဂနွေနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၂၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန် ၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မင်းရဲကျော်စွာ(၅)လမ်း၊ မြေကွက်အမှတ်(၁၇၀)၊ မြေပေအကျယ်(၄၀x၆၀) ပေရှိ မြေပေါ်တွင်ဆောက်လုပ်နေသော(၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ကန်ထရိုက်တာ ဦးမျိုးမင်းနိုင် ၁၂/သဃက(နိုင်)၁၇၇၅၆၉ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် မြေညီထပ်၊ (ခြေရင်းခန်း)၊ အခန်းအကျယ်အဝန်း(၁၇x၅၂)ပေ၊ အမြင့်(၁၂)ပေရှိတိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ တိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယရပ် ဦးပိုင်အမှတ်(၁၁၃)၊ ဧရိယာ(၀.၀၂၂)ဧကရှိ ဒေါ်မယ်ဒရုံ(သား)ဦးခင်မောင်သန်းအမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်မယ်ဒရုံ(ကွယ်လွန်)၏ အမွေခံသားသမီးများဖြစ်ကြသူ ဦးခင်မောင်သန်း(ခ)မိုဟာမက်အလီ(ဘ) ဦးအဗ္ဗဒူဂနီ ၉/တကန(နိုင်)၁၁၀၅၉၁(ပါ) ၅-ဦး (မဂျလီမာ(ခ)မခင်အေး၊ မောင်မေဒင်(ခ)ညီညီ၊ မောင်ခင်မောင်ထွေး(ခ)ယာစင်၊ မောင်ခင်မောင်ဆွေ(ခ)ဟာရှင်)တို့မှ မြေငှားစာချုပ်မိတ္တူ၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၉၃/၁၀-၁၁-၂၀၂၅)မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီးလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/14466, TVS-110 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘို ၈/စလန(နိုင်) ၀၉၉၆၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မင်းဘူး)

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/42852, Wuyang Honda-125 ယာဉ်လက်ဝယ်ရှိသူ Yatanar Eik Met Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံး(မကွေး)

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
### ဦးအောင်မြ [ကြေးမုံသုတေသနအရာရှိ(ငြိမ်း)]
### အသက်(၉၅)နှစ်

ဦးမျိုးကျော်အောင်-ဒေါ်သန်းသန်းဝင်း တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဦးအောင်မြ(ကြေးမုံသုတေသနအရာရှိ)(ငြိမ်း) အသက်(၉၅)နှစ်သည် ၂၆-၁၁-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် (၀၇:၁၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၀)မှ ညီများနှင့်မိသားစုများ**

---

## ဒေါ်အုန်းကြည်
### အငြိမ်းစား ကျောင်းဆရာမကြီး
### ဗဟိုအမက(သန်လျင်မြို့)
### အသက်(၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ရုံးသပြေကန်ကျေးရွာနေ (ဦးစိန်မောင်-ဒေါ်ချစ်)တို့၏သမီး၊ ကော့မှူးမြို့နေ (ဦးသိန်း-ဒေါ်လှရင်)တို့၏ ချွေးမ၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်နိမိတ်လမ်းနေ (ဦးညွန့်သန်း )၏ဇနီး၊ ကိုကျော်ဇင်-မခင်ခင်ကြီး၊ ကိုကျော်ဇင်သန်း၊ ကိုကျော်သူရ-မပိုပိုအေး လွင်၊ ဒေါက်တာစိုးသူရတို့၏ မွေးမိခင်၊ မသွန်းဝသန်၊ မောင်မင်းခန့်ထည်တို့၏အဘွားသည် ၂၇-၁၁-၂၀၂၅ရက်(ကြာသပတေးနေ့)နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၁၁-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အမိုးနီသုသာန်၌ တရားတော်များနာယူပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာ အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁၂-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် သန်လျင်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်စိန်(ဟိုတယ်/ခရီး-ငြိမ်း)
### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာ၊ အပိုင်း(၁)၊ တိုက်အမှတ် (၁၇)၊ အခန်း (၃၀၈)၊ မဏိစန္ဒာလမ်းသွယ် (၄)နေ (ဦးစိန်ပေါ်သူ-ဒေါ်တင်ထူး)တို့၏သမီးကြီး၊ (ဒေါ်တင့်တင့်စိန်)-ဦးဆွေမြင့်၊ ဦးအောင်ကျော်စိန်၊ ဒေါ်မို့မို့စိန်၊ ဒေါ်အုံးအုံးစိန်-(ဦးသီဟကိုကို)၊ ဦးထူးအောင်အောင်-ဒေါ်နှင်းနှင်းစု၊ ဒေါ်စိမ်းစိမ်းထွန်း-(ဦးမျိုးမင်းထွန်း)တို့၏အစ်မကြီး၊ (ဦးကျော်မင်း)၏ဇနီး၊ ကိုဇေယျပေါ်သူ-မအိသက်နွေး၊ ကိုကျော်ပြည့်ဝန်းသူ-မတင်တင်အိတို့၏ မွေးသမိခင်၊ မသဒ္ဒါဖြူစင်၊ မောင်ဥက္ကာတို့၏အဘွား ဒေါ်မြင့်မြင့်စိန်သည် ၂၆-၁၁-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၄၅ နာရီတွင် ရုတ်တရက်ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၈-၁၁-၂၀၂၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၂၅ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင် ဦးပိုင်အမှတ် (၈၆က)၊ ဧရိယာ(၀.၀၄၅)ဧကရှိ ဦးဝင်း(ပါ) ၅ ဦး အမည်ပေါက်နှစ်(၃၀) မြေငှား စာချုပ် မြေကွက်အား ဦးဝင်း(ကွယ်လွန်)၏ အမွေခံသားသမီးများဖြစ်ကြသူ ဒေါ်သီတာဝင်း(ဘ)ဦးဝင်း ၉/တကန(နိုင်)၀၀၃၀၃၇၊ ဒေါ်မာလာဝင်း(ဘ)ဦးဝင်း ၉/တကန(နိုင်)၀၉၅၉၃၉၊ ဦးကိုကိုဝင်း(ဘ) ဦးဝင်း ၉/တကန(နိုင်)၀၀၀၆၂၀၊ ဦးညီညီဝင်း(ဘ)ဦးဝင်း ၉/တကန(နိုင်)၀၀၂၇၉၈ တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ(၈၈/၂၃-၁၀-၂၀၂၅)၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ (၃၈)လမ်း၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ မြေကွက်အမှတ် (၈၆/၉၀)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော RC အဆောက်အအုံမှ ရောင်းချသူ ဒေါ်ကေခိုင်အောင်အောင်ကျော် ၁၂/ကတတ(နိုင်)၀၀၂၅၄၅ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် ပထမထပ်(၂-လွှာ/ယာ)၊ အခန်းအကျယ်အဝန်း (၁၂ ၁/၂ x ၄၀ပေ)ရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦး တည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ တိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ် ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဝမ်းနည်းကြေကွဲခြင်း
## ကျောင်းဒါယိကာမကြီး ဒေါ်ခင်သက်မူ
## ပြင်ဦးလွင်မြို့
### အသက် (၆၆)နှစ်

ဦးမင်းမော်အေး၊ အုပ်ချုပ်မှုဒါရိုက်တာ၊ KBZ Group ၏ ချစ်လှစွာသောဇနီး၊ ဒေါ်ထက်ဝန်းနန္ဒီအေး (ပြင်ဦးလွင်ဘဏ်ခွဲ-၃၊ ကမ္ဘောဇဘဏ်လီမိတက်) ၏ ကျေးဇူးရှင်မွေးသမိခင်ဖြစ်သူ ဒေါ်ခင်သက်မူသည် ၂၆-၁၁-၂၀၂၅ ရက်နေ့ ၊ ည (၁၁:၂၅) နာရီတွင် ၉၆-ပါးသောရောဂါဖြင့် Cherry Land Pyin Oo Lwin ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နာယက၊
ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့
**KBZ Bank/ KBZ Group**

---

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးမာမက်ကာစင်
### (သစ္စာသဘော်ဆေးဆိုင် – မြေနီကုန်း)
### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၁၇-ဘီ)နေ (ဦးဂိုနီမြား-ဒေါ်မာလကာ) တို့၏သား၊ ဒေါ်စန္ဒာမြင့် (ခ)စကီနာဘီ၏ခင်ပွန်း၊ (ကိုနေမိုးလွင်)၊ ကိုကျော်စိုးလွင် – မမြတ်လေး နွယ်၊ ကိုသူရလွင်တို့၏ဖခင်၊ မောင်ရဲရင့်မိုးစက်၏ အဘိုးဖြစ်သူသည် ၂၆-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀နာရီတွင် နေအိမ်၌ အလ္လာဟ် သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန္နီကဗာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်းနှင့် ဆုတောင်းဒိုအာ ပြုပေးကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ သရဖီ (၄)လမ်း၊ မြေကွက်အမှတ် (၂၉၃)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ရှိ ဒေါ်ယဉ်ယဉ်ကျော် (၁၃/ကလန (နိုင်) ၀၆၂၆၁၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသန့် (၉/ညဥန (နိုင်) ၁၁၇၉၄၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၈)၊ ဆရာစံလမ်း၊ မြေကွက်အမှတ် (၅၇၄)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်ခင်မိုးဆွေ (E/ RGN-၀၂၀၀၄၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သူဇာဝင်း (၁/မကန (နိုင်) ၀၉၉၂၅၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (က+ခ)ရပ်ကွက်၊ (က/၂) လမ်း၊ အမှတ်(၆၀)၊ မြေကွက်အမှတ်(၇၇)၊ တိုက်မျက်နှာမူလျှင် ညာဘက်ခြမ်း၊ တတိယထပ်(၄)လွှာ၊ (ခေါင်းရင်းခြမ်း)၊ အကျယ်(၁၇x၅၄)ပေရှိ ရေ၊ မီး အစုံပါဝင်သော တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အား လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနေမင်းထွန်း ၇/သနပ(ပြု)၀၀၂၄၄၈ ထံမှ ကျွန်ုပ်မိတ်ဆွေဦးအောင်သူ ၉/တကန(နိုင်) ၂၀၅၉၁၂ကတရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကိုအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဇော် (LL.B,D.B.L,WIPO)၊စဉ်-၁၂၇၇၃)**
**ဒေါ်ရည်မွန်အောင်(LL.B,D.B.L,D.I.L,WIPO)(စဉ်-၁၃၈၃၉)**
**တရားလွှတ်တော်ရှေ့နေများ**
အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ-၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၃၃၈၂၆၊ ၀၉-၄၅၀၀၃၄၃၆၃

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/98587, Shinbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှထွန်း ၉/နထက(နိုင်) ၁၃၁၀၇၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

❖ **ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်းကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်( MMP-Mixed Member Proportion System) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်...**

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး( MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၆ ဦးနှင့် မြန်မာနိုင်ငံသား ရှစ်ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကျေးသီးမြို့နယ် အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ ရက်တွင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာ၏အနောက်မြောက်ဘက် နေရာတစ်ဝိုက်သို့ ရောက်ရှိစဉ် မသင်္ကာဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့် နေရာဖြစ်ကြောင်း တွေ့ရှိရပြီး

*စာမျက်နှာ ၉ ကော်လံ ၁* ✻



နိုဝင်ဘာ ၂၅ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ် မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းပုံ။

# ချန်ပီယံလိဂ်ပြိုင်ပွဲ အာဆင်နယ် ရာနှုန်းပြည့်နိုင်ပွဲဆက် အင်တာမီလန်၊ လီဗာပူး၊ စပါးတို့ ရှုံးပွဲကြုံ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်နှင့် ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက အကြိတ်အနယ်ကစားကာ သုံးဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ရာနှုန်းပြည့်နိုင်ပွဲ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ဟာရီကိန်း၊ ဂနာဘရီ၊ အိုလစ်၊ ကားလ်စသည့် အဓိကကစားသမားအများစုဖြင့် အာဆင်နယ်အသင်းကို ရင်ဆိုင်လာခဲ့သော်လည်း

*စာမျက်နှာ ၁၄ ကော်လံ ၄* ❍




အာဆင်နယ်အသင်းအတွက် ဦးဆောင်ဂိုးကို ခံစစ်ကစားသမား တင်ဘား ခေါင်းတိုက်သွင်းယူစဉ်။

# အာရှဖလားခြေစစ်ပွဲ U-17အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် အိုမန် U -17 အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

**သတင်းစဉ်**

## ယနေ့ သတင်းအညွှန်း

**နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင် / အချုပ်ထောင် / စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား / အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း**

ပြည်တွင်းသတင်း စာ ၁၃

---

**ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော်ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၆